# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၇၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ချင်းညီလာခံတက်ရောက်။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ နိုင်ငံခြားလေ့လာရေးခရီးစဉ်။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကိုယ်ရေးကိုယ်တာ။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ဆေးစစ်ခံ။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ သားမင်္ဂလာဆောင်၊ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကျန်းမာရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသအကျိုးပြုဆောင်ရွက်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသအကျိုးပြု။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဆေးစစ်ရန်။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကျန်းမာရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ဆေးဝါးကုသ။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ တပ်မတော်သား၊ ပြည်ပခရီးစဉ်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ဆေးရုံတက်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ပြည်ပခရီးစဉ်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ မိသားစုကျန်းမာရေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကျန်းမာရေး။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊

ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် (နံနက်ပိုင်း)။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## Mobile Phone နှင့် ကျန်းမာရေးဆက်စပ်မှု ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ဒေါက်တာမြင့်ကြည် က Mobile Phone နှင့် ကျန်းမာရေးဆက်စပ်မှု ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ Mobile Phone များနှင့် ကျန်းမာရေးဆက်စပ်မှု ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ကျွန်တော်တို့နိုင်ငံမှာ အခု Mobile Phone တွေဟာ တော်တော်များများ သုံးစွဲလာကြပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဒီတချို့ ပြည်သူပြည်သားများကလည်းပဲ ဟိုတလောတုန်းက နိုင်ငံတစ်ခုမှာ Mobile Phone ကိုသုံးရင်း မီးထလောင်ပြီးတော့ လူကို အန္တရာယ်ပေးသွားတဲ့ကိစ္စရပ်တွေရှိပါတယ်။ နောက် ကျွန်တော်တို့ ဓာတ်ဆီဆိုင်တွေမှာ ဆိုလို့ရှိရင်လည်း ဒီ Mobile Phone တွေကို ဓာတ်ဆီထည့်နေတဲ့အချိန် ကျွန်တော်တို့ ဒါ အသုံးမပြုဖို့၊ လေယာဉ်မှာ ဆိုလို့ရှိရင်လည်းပဲ ဒီအတိုင်းပါပဲ၊ လေယာဉ်ပျံစပြီးတော့ တက်နေတဲ့အချိန်မှာ Mobile Phone တွေကို အကုန်လုံး ဒီဟာတွေဟာ Switch off လုပ်ထားဖို့ စသည်အားဖြင့် ဒီဟာတွေကို သိရှိလာတဲ့အခါမှာ လူကိုထိခိုက်မှု၊ လူရဲ့ကျန်းမာရေးကို ထိခိုက်နိုင်စွမ်း ရှိ/မရှိ ဆိုတဲ့ ကိစ္စရပ်တွေကိုလည်း ဒါ ပြည်သူလူထုကြားမှာ ဒါတွေ ဆွေးနွေးပြီးတော့ မေးမြန်းနေတဲ့အသံ ကျွန်တော်တို့ ကြားရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီ Mobile Phone နဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးကို ထိခိုက်နိုင်စွမ်း ရှိ/မရှိ ဆိုတဲ့ဟာ လေ့လာကြည့်တဲ့အခါမှာ WHO ကလည်းပဲ ကျွန်တော်တို့ တချို့ စာတမ်းတွေ တော်တော်များများ ပြုစုထားတာ တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ သူတို့ ကတော့ တိတိကျကျ ဒီဟာ တချို့နိုင်ငံတွေကတော့ ဒါကျွန်တော် ပြည်သူလူထုရော၊ အများ စိုးရိမ်မှာ စိုးလို့ပါ။ တချို့တွေက ဒါ Brain Tumor ဖြစ်တယ်။ ကင်ဆာဖြစ်တယ် စသည့်အားဖြင့် ဒီလို လေ့လာပြီးတော့

တင်ပြချက်တွေလည်းပဲ ရှိပါတယ်။ သို့သော် ဒါတွေဟာတော့ တကယ်ပဲ ဒီဟာက ဖြစ်သလား၊ ဒီအကျိုး ကျေးဇူးတွေ သူ့ကြောင့် Mobile Phone တွေကို သုံးတော့ ဒီဟာတွေဟာ ဖြစ်လာသလားဆိုတာတော့ တိတိကျကျ ကောက်ချက်ချထားတဲ့ သဘောမျိုး မရှိသေးပါဘူး။ သို့သော်လည်းပဲ ဒီ Mobile Phone တွေကနေ ထွက်တဲ့ ကျွန်တော်တို့ ဒါ Electromagnetic Wave လျှပ်စစ်သံလိုက်လှိုင်းတွေ၊ အဲဒီ လျှပ်စစ်သံလိုက်လှိုင်းရဲ့သဘောက အဲဒီ လျှပ်စစ်သံလိုက်လှိုင်းတွေဟာ ဒီ ပစ္စည်းတစ်ခုနဲ့ တွေ့လို့ရှိရင် ကျွန်တော်တို့က စုပ်ယူပါတယ်။ Absorption ပေါ့၊ သူတို့က စုပ်ယူပါတယ်။ ဒါကြောင့်မို့လို့ ဒီက ထွက်တဲ့ဟာတွေဟာ Power နည်းသော်လည်းပဲ၊ Power နည်းပါတယ်။ GSM ဆိုလို့ရှိရင် Power က CDMA ထက်စာရင် သူက Power များပါတယ်။ ဒါ CDMA, ဒါကြောင့်မို့လို့ 3G တို့ 4G တို့ဆိုရင် Power အနေအထား တွေ သူတို့ ပြောင်းလဲပြီးတော့ ထုတ်လုပ်တာလေးလည်း ရှိပါတယ်။ အဲဒီတော့ လျှပ်စစ်သံလိုက် လှိုင်းတစ်ခုက အဲဒီလို စုပ်ယူသွားရင် အထဲမှာရှိနေတဲ့ တချို့ဟာတွေကို ကျွန်တော်တို့ Function တွေကို ပြောင်းစေပါတယ်။ ကျွန်တော်တို့က Heating Effect ပေါ့၊ အပူဓာတ်တွေ။ တစ်နည်း အားဖြင့် အထဲမှာရှိနေတဲ့ Temperature တွေပေါ့၊ အပူချိန်တွေကို လည်းပဲ ပြောင်းလဲစေ ပါတယ်။ အဲဒီတော့ ဒီ ကျွန်တော်တို့ နား နားမှာ ကပ်ပြီးတော့ ပြောတဲ့အခါမှာ အသံနဲ့ ပတ်သက်တဲ့ဟာ၊ နောက် ကျွန်တော်တို့ မျက်စိ၊ နောက် ကျွန်တော်တို့ တစ်နည်းအားဖြင့် ဆိုရင်တော့ ဒီ အာရုံကြော တွေနဲ့ပေါ့လေ၊ ကျွန်တော်တို့ ဒီဟာတွေနဲ့ နီးစပ်ပါတယ်။ နီးစပ်တော့ သူတို့ရဲ့အထဲမှာ တချို့ဟာ တွေလည်းပဲ အပူချိန်တွေဟာ ပြောင်းသွားနိုင်သလား။ အပူချိန် ပြောင်းလို့ရှိရင် Function တွေက ပြောင်းလာပြီးတော့ ဒီလို ဒီ အန္တရာယ်တွေ ရှိသလားဆိုတာ မေးမြန်းကြပါတယ်။ ဆွေးနွေးကြ ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို ဒီ Mobile Phone တွေကို ကျန်းမာရေးနဲ့ ဆက်စပ်မှု ရှိ/မရှိ၊ အဲဒါ မေးမြန်းပြီးတော့၊ တကယ်လို့ ရှိနိုင်တဲ့သဘော ဆိုလို့ရှိရင်လည်းပဲ ဘယ်လိုသုံးစွဲရင်ကောင်းမယ် ဆိုတဲ့ ပညာပေးကဏ္ဍကနေပြီးတော့ ဆွေးနွေးပြီး တော့ပေးပါရန် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ကြပါစေကြောင်း လေးစားစွာ ဆန္ဒပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဦးသောင်းတင်၊ ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ WHO က Mobile Phone မှ ထုတ်လွှတ်သော

လှိုင်းသည် လူတို့ ရဲ့ ကျန်းမာရေးကို သုံးစွဲမှုအပေါ်မူတည်၍ ထိခိုက်နိုင်စွမ်းရှိသည် ဟု ဆိုထားရာ Mobile Phone သုံးစွဲသူများကို အသိပညာပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဆရာမြင့်ကြည် ရဲ့ မေးခွန်းဟာ ယနေ့ မြန်မာနိုင်ငံဆက်သွယ်ရေးကဏ္ဍ ပြောင်းလဲနေတဲ့ အခြေအနေနဲ့ အလွန်ကိုက်ညီတဲ့ အချိန်ကိုက်မေးခွန်းဖြစ်ပြီးတော့ မိမိတို့ဝန်ကြီးဌာနအနေနဲ့ အများပြည်သူအတွက် ဆောင်ရွက်သင့်တာကို မီးမောင်းထိုးပြတဲ့အတွက် များစွာကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ Mobile Phone အသုံးပြုမှုဟာ ကမ္ဘာပေါ်မှာ ၁၉၈၀ နောက်ပိုင်း တစ်ဟုန်ထိုး တိုးတက်လာပါတယ်။ တိုးတက်လာတာနဲ့အမျှ ကျန်းမာရေးနဲ့ ထိခိုက်မှု ရှိ/မရှိ ဆိုတဲ့ မေးခွန်း ပေါ်ပေါက် လာပြီးတော့ ၁၉၉၀ နောက်ပိုင်းမှာ သုံးစွဲသူတွေအတွက် ကျန်းမာရေးထိခိုက်မှု ရှိ/မရှိ၊ ရှိခဲ့လို့ရှိရင် ဘယ်လိုကာကွယ်နိုင်မလဲ။ မရှိအောင် ကျွန်တော်တို့ ဘယ်လိုသုံးစွဲရမှာလဲဆိုတာတွေ သုတေသန ပြုလာပြီးတော့ စာတမ်းပေါင်း မြောက်မြားစွာ ထွက်လာပါတယ်။ ဆရာမြင့်ကြည် မေးခွန်းမေးတဲ့ အချိန်မှာ ကျွန်တော်တို့ ရှင်းလင်းတင်ပြခဲ့သလိုပဲ ကျွန်တော်တို့ သုတေသန ဆောင်ရွက်နေဆဲ ကာလတွေဖြစ်တဲ့ အချိန်မှာပဲ တစ်ပြိုင်တည်း ဆက်သွယ်ရေးနည်းပညာတွေ တိုးတက်လာတာနဲ့အမျှ သုံးစွဲတဲ့ စက်ပစ္စည်းတွေကလည်း ပိုပြီးတော့ ကောင်းမွန်လာတာ တွေ့ရှိရပါတယ်ခင်ဗျား။ WHO နဲ့ အခြားအဖွဲ့အစည်းတွေက သုတေသနပြုလုပ်ခဲ့ကြတဲ့အခါမှာ တစ်ဖက်ကလည်း Telecom Regulators တွေကလည်း Handset တွေကနေ ထုတ်လွှင့်တဲ့ Radiation ပေါ့။ နောက်တစ်ခုက Electromagnetic Field တွေကို ကန့်သတ်တဲ့ Specification တွေ ပြုလုပ်လာပါတယ်။ ဥပမာ - ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ဟို Unit တစ်ခု ဆိုလို့ရှိရင် Specific Absorption Rate ပေါ့၊ SAR လို့ ခေါ်ပါတယ်ခင်ဗျား။ ဆရာမြင့်ကြည် လည်း ခုနက ရှင်းလင်း တင်ပြသွားပါတယ်။ ဒီ Radiation တွေကို လူရဲ့ ခန္ဓာကိုယ်နဲ့ ကျွန်တော် တို့ Tissue တွေကနေ စုပ်ယူလေ့ရှိပါတယ်။ အဲဒီစုပ်ယူတဲ့ ကျွန်တော်တို့ Unit ကို အများဆုံး ဘယ်လောက်ထက် မပိုရ ဆိုပြီးတော့ ကျွန်တော်တို့ ဒီ Mobile Phone ထုတ်လုပ်တဲ့သူတွေကို ကန့်သတ်ထားတာ ဖြစ်ပါတယ်။

ဒါ့အပြင် ကိုယ့်နိုင်ငံအတွင်းမှာသုံးမယ့် Mobile Phone တွေက ဒီကန့်သတ်ချက်ထက် မကျော်လွန်အောင် ဒီ Regulators တွေကနေ ထိန်းချုပ်လေ့ရှိပါတယ်ခင်ဗျား။ အဲဒီတော့ လက်ရှိ သတ်မှတ်ထားတဲ့ SAR ပေါ့၊ Specific Absorption Rate က Two Kilowalt Per Kilogram ဖြစ်ပါတယ် ခင်ဗျား။ အဲဒီတော့ ဒီ Regulators တွေက Handset တွေ၊ လက်ကိုင်ဖုန်းတွေ တင်သွင်းတဲ့အခါမှာ ဒီ ကန့်သတ်ချက်ထက် မကျော်လွန်အောင် တားမြစ်ကြလေ့ရှိပါတယ်ခင်ဗျား။ ဒီ SAR တော့ ဆရာမြင့်ကြည် ခုန ရှင်းလင်းတင်ပြသွားသလို လူ့ခန္ဓာကိုယ်ကနေ ဓာတ်ရောင်ခြည်ကို ဘယ်လောက်အထိ စုပ်ယူနိုင် သလဲဆိုတာ တိုင်းတာတဲ့ စနစ်ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ Two Kilowalt Per Kilogram ဟာ ကျွန်တော်တို့ လက်ခံနိုင်တဲ့ အများဆုံး ဒီထက်မပိုရဘူးလို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ Electronic ပစ္စည်းတိုင်းက Radiation နဲ့ Electromagnetic Field တွေထွက်ကြပါတယ်။ Mobile Phone တွေကလည်း ထို့အတူ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ WHO အနေနဲ့ ကတော့ ဒီ Radiation နဲ့ Electromagnetic Field တွေက သုံးစွဲပုံ စနစ်မကျခဲ့လို့ရှိရင် လူရဲ့ ကျန်းမာရေးကို ထိခိုက်နိုင်ပါတယ်။ ခုနပြောတဲ့ ကင်ဆာ

သို့မဟုတ် ကျွန်တော်တို့ ဦးနှောက် ဒီ Tumor လိုဟာမျိုး ဖြစ်နိုင်တယ်ဆိုတာမျိုး ထုတ်ပြန်ထားတာ ရှိပါတယ်ခင်ဗျား။

ဆရာမြင့်ကြည် ရဲ့ မေးခွန်းမှာလည်း ပြောပြထားပါတယ်။ မေးခွန်းမှာကို ကျွန်တော်တို့ က သုံးစွဲမှုပေါ်မှာ မူတည်ပြီး ထိခိုက်နိုင်စွမ်းရှိတယ်ဆိုတာ WHO ရဲ့ အကြံပြုချက်က ကျွန်တော်တို့ ဒီအတိုင်းပဲ ဖြစ်ပါတယ်။ သူက ဖြစ်မယ်လို့ အတိအကျပြောတာ မဟုတ်ပါဘူး။ ခုနပြောတဲ့ ကျွန်တော်တို့ ဦးနှောက် အကျိတ်ဖြစ်မှုဆိုတာ သုတေသနပြုမယ်ဆို နှစ်(၃၀)ကြာလောက်၊ ကင်ဆာဆို နှစ်(၂၅) နှစ် ကြာလောက် ဆက်တိုက် သုတေသနပြုသွားမှ တိကျတဲ့အဖြေ ကျွန်တော်တို့ ရနိုင်မှာလို့ သိရပါတယ် ခင်ဗျား။ အဲဒီ ကြားကာလမှာလည်း ကျွန်တော်တို့ ဒီ Mobile Phone တွေရဲ့ ကန့်သတ်ချက်တွေ ပိုကောင်းလာအောင် လုပ်လာတာတွေကြောင့် ကျွန်တော်တို့ အနေနဲ့ ပြောမယ်ဆိုလို့ရှိရင်တော့ WHO ကနေ ဒါ မသုံးစွဲဖို့ တားမြစ်တာထက် စနစ်တကျသုံးစွဲဖို့ အကြံပြုချက်တွေ ထုတ်ပြန်ထားပါတယ် ခင်ဗျား။

ဥပမာဆိုလို့ရှိရင် Mobile Phone တွေကို နာရီနဲ့ချီပြီးတော့ ဆက်တိုက်မသုံးဖို့၊ ဦးနှောက်နဲ့ ကပ်ပြီးတော့ မသုံးဖို့ပါခင်ဗျား။ ဘာကြောင့်လဲဆို ခုနပြောတဲ့ Tissue တွေက Absorb လုပ်ပါတယ်။ အဲဒါကြောင့် နာရီနဲ့ချီပြီ ဆက်တိုက်သုံးစွဲရင် မကောင်းပါဘူးခင်ဗျား။ ထိုနည်းတူစွာ ကျွန်တော်တို့ ဖြစ်နိုင်မယ်ဆိုလို့ရှိရင် ဦးနှောက်နားမှာကပ်ပြီး သုံးစွဲမယ့်အစား Hand Free ကျွန်တော်တို့ သုံးစွဲဖို့ အကြံပြုပါတယ်။ ဆရာမြင့်ကြည် ခုနက တင်ပြသွားသလို ဓာတ်ဆီဆိုင်မှာ Magnetic Field က Static Charge တွေ ထွက်တဲ့အတွက်ကြောင့် ဓာတ်ဆီဆိုင်မှာ သုံးလို့ရှိရင် အဲဒါတော့ လူရဲ့ ကျန်းမာရေးအပြင် ပတ်ဝန်းကျင်အတွက် ပေါက်ကွဲမှုပါ ဖြစ်နိုင်တယ်ပေါ့ခင်ဗျား။

နောက်တစ်ခုက လျှပ်စစ် မိုးကြိုးပစ်နေတဲ့အချိန်မျိုးမှာ ဆိုလို့ရှိရင် ဒီ Magnetic Field ကြောင့် ခန္ဓာကိုယ်ကို တိုက်ရိုက်မိုးကြိုးဝင်နိုင်တဲ့ ကိစ္စမျိုးတွေအတွက် တားမြစ်တာ ရှိပါတယ် ခင်ဗျား။ နောက် ခန္ဓာကိုယ်ထဲမှာ Mobile Phone ကို မသုံးသည့်တိုင်အောင် တတ်နိုင်သ၍ ကပ်မထားဖို့ပါ။ ဘောင်းဘီအိတ်ထဲ ထည့်ထားတာမျိုး၊ ကျွန်တော်တို့ အင်္ကျီအိတ်ထောင်ထဲမှာ ထည့်ထားတာမျိုး၊ အိပ်တဲ့အချိန်မှာ ဦးခေါင်းနားမှာ ကပ်ထားတာမျိုး မလုပ်သင့်ကြောင်း ဒါ အကြံပြုထားပါတယ်ခင်ဗျား။ ဒါ့အပြင် စက်တပ်ယာဉ်ပေါ်မှာ ကျွန်တော်တို့ သုံးစွဲတယ်ဆိုရင် စက်တပ်ယာဉ်အတွင်းမှာသုံးရင် Mobile Phone တွေက Mobile Phone အပြင် အခြား Electronic ပစ္စည်းတွေ Radiation ထုတ်လွှတ်မှု ပိုများပါတယ်။ အဲဒါကြောင့် တတ်နိုင်သ၍ လျှော့သုံးဖို့ အကြံပြုထားပါတယ်ခင်ဗျား။ ဒါ့အပြင် ကျွန်တော်တို့ Handset ပေါ့၊ ဒီ လက်ကိုင်ဖုန်းတွေ သုံးတဲ့အခါမှာ စံချိန်စံညွှန်းနဲ့အညီ ထုတ်ပြန်ထားတဲ့ လက်ကိုင်ဖုန်းတွေကိုပဲ ပိုသုံးဖို့ပေါ့လေ၊ အဲဒါမျိုး အကြံပြုထားပါတယ်။ အဲဒါကြောင့် မိမိတို့ ဝန်ကြီးဌာန အနေနဲ့ကလည်း အများပြည်သူရဲ့ ကျန်းမာရေး ကို အန္တရာယ် မဖြစ်နိုင်တဲ့၊ နိုင်ငံတကာ သတ်မှတ်ချက်နဲ့ ညီတဲ့ ဆက်သွယ်ရေးစက်ပစ္စည်း Mobile Phone တွေကို သုံးစွဲဖို့အတွက် စီမံဆောင်ရွက်လျက် ရှိပါတယ်ခင်ဗျား။ Radiation ပိုများတဲ့ Analog စနစ်တွေအစား အခုဆိုလို့ရှိရင် ပိုပြီးတော့ Radiation နည်းပါးတဲ့ GSM 2 G, 3 G, Digital စနစ်ကို ပြောင်းလဲသုံးစွဲလျက်ရှိပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လက်ရှိ ရေဒီယိုစခန်းတွေမှာ တပ်ဆင်ထားတဲ့ စက်ပစ္စည်း များကလည်း အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်(ITU)မှ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်း

များနဲ့အညီ ထုတ်လုပ်ထားတဲ့ အသိအမှတ်ပြု စက်ပစ္စည်းတွေကိုပဲ သုံးစွဲပါတယ်။ ပြီးတော့ တာဝါတိုင် တည်ဆောက်တဲ့နေရာမှာလည်း သတ်မှတ်ထားတဲ့နည်းစနစ်နဲ့ ကျွန်တော်တို့ Specification ကိုက်ညီတဲ့ဟာတွေပဲ တပ်ဆင်ထားပါတယ်ခင်ဗျား။ ဒီ ရေဒီယိုစခန်းက ထုတ်လွှင့်တဲ့လှိုင်းတွေဟာ လူတို့ရဲ့ ကျန်းမာရေးကို ထိခိုက်နိုင်တဲ့ အခြေအနေမျိုး မရှိပါဘူးခင်ဗျား။ အခု ကျွန်တော်တို့ သတ်မှတ်ထားတဲ့ Specification နဲ့အညီ သုံးစွဲမယ်ဆိုလို့ရှိရင်၊ နောက် လက်ရှိ အများပြည်သူသုံးစွဲတဲ့ Mobile Phone တွေဟာလည်း နိုင်ငံတကာအသုံးပြုတဲ့ စံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်တဲ့ Mobile Handset တွေ သုံးစွဲမယ် ဆိုလို့ရှိရင်တော့၊ ကျွန်တော်တို့ စနစ်တကျ သုံးစွဲမှုရှိခဲ့လို့ရှိရင်တော့ ကျန်းမာရေးကို ထိခိုက်မှု မရှိနိုင်ပါဘူးခင်ဗျား။

မိမိတို့ဝန်ကြီးဌာနအနေနဲ့ အများပြည်သူကျန်းမာရေးကို အန္တရာယ်မဖြစ်နိုင်မယ့် နိုင်ငံတကာ သတ်မှတ်ချက်များနဲ့အညီ ဆက်သွယ်ရေးစက်ပစ္စည်းတွေ၊ Mobile Phone သုံးစွဲမှုတွေကိုလည်း ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာနအနေနဲ့ တိကျတဲ့ သုတေသနပြုချက်များနဲ့ လူတို့ရဲ့ ကျန်းမာရေးအတွက် ဘေးအန္တရာယ် ဖြစ်နိုင်တဲ့ အကြောင်းတစ်စုံတစ်ရာ ရှိခဲ့ပါက မီဒီယာများမှတစ်ဆင့် အချိန်နဲ့တစ်ပြေးညီ အသိပေးခြင်း၊ လိုအပ်တဲ့ အကြံပြုချက်များကို ပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဒုတိယဝန်ကြီး ဖြေတဲ့အတိုင်းဆိုရင် ခုန Mobile Handset တွေကို ဈေးကွက်မှာ လွတ်လွတ်လပ်လပ် ရောင်းနေတဲ့ကိစ္စတွေ၊ စံ ညီ/မညီ ဆိုတာမျိုး စစ်ဆေးဖို့ လိုမှာပေါ့။

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန)။** ။ လွှတ်တော်က အတည်ပြုပေးထားတဲ့ ကျွန်တော်တို့ ဒီ ဆက်သွယ်ရေးဥပဒေမှာ ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ဒီ Regulator ပေါ့ခင်ဗျား။ Regulator အနေနဲ့ တင်သွင်းလာတဲ့ စက်ပစ္စည်းတွေကို ကျွန်တော်တို့ သတ်မှတ်ချက်နဲ့ ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပြီးတော့မှ ခွင့်ပြုမယ် ဆိုတာမျိုး ထည့်သွင်းဖော်ပြထားပါတယ်ခင်ဗျား။ အဲဒါအပြင် မကြာသေးခင်က လွှတ်တော်ကနေ ပြီးတော့ ကျွန်တော်တို့ ခွင့်ပြုလိုက်တဲ့ ကမ္ဘာ့ဘဏ်ကနေပြီးတော့ ချေးငွေနဲ့ ဆောင်ရွက်မယ့်ကိစ္စမှာ အဲဒီစက်ပစ္စည်းတွေကို ကျွန်တော်တို့ စစ်ဆေးဖို့ကိစ္စ၊ သုတေသနပြုဖို့ကိစ္စတွေကို ကျွန်တော်တို့ ထည့်သွင်းသုံးစွဲသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ခု ကျွန်တော်ပြောတာ အပြင်မှာ လွတ်လွတ်လပ်လပ် ရောင်းနေတဲ့ Handset တွေ ပြောတာ။

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန)။** ။ ဟုတ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ကျွန်တော်တို့ ခုန လမ်းညွှန်မှုပေးသလိုပဲ ကျွန်တော်တို့ Handset တွေသုံးတဲ့အခါမှာ အထူးသဖြင့်ပေါ့လေ၊ ဟို ကျွန်တော်တို့ အရပ်၊ အပြင်မှာတော့ ဘယ်လိုလဲဆိုတော့ လိုင်းဆွဲအားကောင်းတယ် ဆိုတာမျိုးကို ပိုနှစ်သက်ကြတာ ရှိပါတယ်။

အဲဒီ လိုင်းဆွဲအားကောင်းတယ်ဆိုတဲ့ Handset တွေဟာ အကယ်၍ နိုင်ငံတကာသတ်မှတ်ချက်များနဲ့ အညီ ဖြစ်/မဖြစ်၊ ခုနပြောတဲ့ SAR သိပ်များနေမလား ဆိုတာမျိုးတော့ ကျွန်တော်တို့ ပိုပြီးတော့ စိစစ်ကြဖို့ ကောင်းပါတယ်ခင်ဗျား။ ဒ့ါအပြင် အထူးသဖြင့်တော့ ဖုန်းသုံးစွဲကြတဲ့အခါမှာ ဉာဏ်ပညာနဲ့ ဆင်ခြင်ပြီးတော့ စနစ်တကျသုံးစွဲမယ်ဆိုရင်တော့ အန္တရာယ်ကင်းမှာ ဖြစ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ရန်ကုန်တိုင်း မဲဆန္ဒနယ်အမှတ်(၈) ဒေါက်တာမြင့်ကြည် ရဲ့ မေးခွန်းနဲ့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကို လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အရ အများပြည်သူအကျိုးငှာ မြန်မာနိုင်ငံ ပြန်တမ်းမှာ ထည့်ဖို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**နိုင်ငံသားသက်ကြီးရွယ်အိုများကို Senior Citizenship အဖြစ် သတ်မှတ်ကာထိုက်သင့်သော သက်သာချောင်ချိမှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး က နိုင်ငံသားသက်ကြီးရွယ်အိုများကို Senior Citizenship အဖြစ် သတ်မှတ်ကာ ထိုက်သင့်သော သက်သာချောင်ချိမှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံးနဲ့ ယနေ့ အစည်းအဝေးကို ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် ဒီကနေ့ မေးမြန်းမယ့် မေးခွန်းကတော့ နိုင်ငံသား သက်ကြီး ရွယ်အိုများကို Senior Citizenship အဖြစ် သတ်မှတ်ပြီးတော့ ထိုက်သင့်တဲ့ သက်သာချောင်ချိမှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ပြုစုထားတဲ့ စာရင်းဇယားတွေအရ လူဦးရေ သန်းပေါင်း(၆၀)မှာ (၁၀)ရာခိုင်နှုန်းဖြစ်တဲ့ (၆)သန်းကျော်လောက်အထိ သက်ကြီးရွယ်အိုများ ရှိနေပြီ ဆိုတဲ့ စာရင်းဇယားများ ရှိပါတယ်။ ခု မကြာခင် ၂၀၁၄ ခုနှစ်မှာ ကောက်ခံမယ့် လူဦးရေ သန်းခေါင် စာရင်း ကောက်ခံမှုအပြီးကျရင် ပိုပြီးတိကျခိုင်မာတဲ့ စာရင်းဇယားရလဒ်တွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ကမ္ဘာနဲ့အဝှမ်းမှာလည်း ဒီလိုပါပဲခင်ဗျ။ ခေတ်မီကျန်းမာရေးစောင့်ရှောက်မှု စနစ်တွေ၊ ဒါကြောင့်မိုလို့ အသက်ရှည်တဲ့လူတွေ၊ ပုဂ္ဂိုလ်တွေများလာပါတယ်။ ဒီအတွက်ကြောင့်မို့လို့ သက်ကြီးရွယ်အိုတွေဟာဆိုရင် နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းသော အင်အားအဖြစ်ကို ဖြစ်နေပါပြီ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသက်ကြီးရွယ်အို တွေရဲ့အချိုး မြင့်မားလာတာဟာ ဒါဟာကမ္ဘာပေါ်မှာ စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်လာပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသက်ကြီးရွယ်အိုတွေဆိုတာ သူတို့ရဲ့ ငယ်နုစဉ်ဘဝတွေတုန်းက ကုန်ထုတ်လုပ်ငန်း

တွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ သူတို့ရဲ့လုပ်အား၊ ခွန်အားတွေကို ပေးဆပ် ခဲ့တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ လူမှုရေးရာ၊ စီးပွားရေးရာ၊ နိုင်ငံရေးရာ အစရှိသဖြင့် စွမ်းဆောင်ခဲ့ ပါတယ်။ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်ခဲ့ပါတယ်။ အခုလို ဘဝအရွယ် ရောက်ပြီးတော့ အိုမင်းမစွမ်း ဖြစ်လာတဲ့အချိန်ကျတော့ တိုင်းပြည်ရဲ့ စီးပွားရေးအခက်အခဲကြောင့်မို့လို့ လူမှုရေးဒုက္ခတွေ ကြုံတွေ့ နေရတာတွေ ရှိပါတယ်။

မနေ့တစ်နေ့က မီဒီယာတွေမှာ ဖော်ပြခဲ့တဲ့ အင်မတန်မှ ရင်နင့်ဖွယ်ရာကောင်းတဲ့ အဖြစ်အပျက်လေးတစ်ခု တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျာ။ ပဲခူးမြို့မှာ တကယ့်စစ်ပြန် တော်လှန်ရေး ရဲဘော်ဟောင်းကြီးတစ်ယောက်ဟာ၊ တော်လှန်ရေးရဲဘော်ဟောင်း သခင်၊ မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦး ဟာ တောင်းရမ်းစားသောက်နေရတဲ့ အခြေအနေမျိုးကိုတောင် ရောက်ရှိနေတယ်ဆိုတာ ဒါ Facebook ပေါ်မှာ ထုတ်ဖော်တင်ပြတဲ့သူကလည်း ထုတ်ဖော်တင်ပြပါတယ်။ အဲဒါကို စုံစမ်းပြီးတော့ လက်ရှိ ကျွန်တော်တို့ ဒီ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကနေ ဒါကို တွေ့ရှိပြီးတော့ လစဉ် ထောက်ပံ့ငွေ၊ စရိတ်၊ ဒါတွေကို သူ တာဝန်ယူပြီးတော့ ကူညီ စောင့်ရှောက်မယ် ဆိုတော့ ဒါ အင်မတန်မှ မင်္ဂလာရှိတဲ့ သတင်းဖြစ်ပါတယ်။ ဒီလိုမျိုးပဲ ဒါ တစ်ဦး တစ်ယောက်၊ ပုဂ္ဂိုလ်တစ်ဦးက ကူညီစောင့်ရှောက်သလိုပဲ နိုင်ငံတော်ကလည်း စောင့်ရှောက်ပေးဖို့ တာဝန်ရှိပါတယ်။ ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ဒါကို ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံ အသီးသီးမှာတော့ ဒီ အငြိမ်းစားဝန်ထမ်းကြီးတွေ၊ သက်ကြီးရွယ်အိုတွေကို တလေးတစား၊ တမြတ်တနိုးနဲ့ Senior Citizenship ဆိုပြီးတော့ တကယ့်ဝါရင့် နိုင်ငံသားကောင်းများအဖြစ် သတ်မှတ်ပါတယ်။ သတ်မှတ်ပြီးတော့ တတ်နိုင်တဲ့ နိုင်ငံတွေကတော့ အငြိမ်းစားလစာခံစားခွင့် Pension ကို အစိုးရဝန်ထမ်း ဖြစ်စေ/မဖြစ်စေ ထောက်ပံ့ကြေး ပေးပါတယ်။

နောက်တစ်ခုကတော့ ယာဉ်ရထား၊ လေယာဉ်စတဲ့ ပြည်တွင်းခရီး သွားလာရေးစနစ်တွေမှာ အခမဲ့သော်လည်းကောင်း၊ လျှော့ဈေးနဲ့သော်လည်းကောင်း ဒီလို ဆောင်ရွက်မှုတွေပေးပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေကို အပြည့်အဝ အလုံးစုံ ကူညီထောက်ပံ့ပေးပါတယ်။ အဲ နောက် တချို့နိုင်ငံတွေမှာကတော့ စားနပ်ရိက္ခာထောက်ပံ့မှုတွေ၊ ကူပွန်တွေ ထုတ်ပေးတာမျိုးရှိပါတယ်။ အဲဒီတော့ ဒီလို သက်ကြီးရွယ်အို ဆိုတဲ့နေရာမှာလည်း ဒီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က သတ်မှတ် ထားတဲ့ သတ်မှတ်ချက်ရှိပါတယ်။ အသက်(၆၀)နှစ်ကနေပြီးတော့ (၇၅)နှစ်အထိကိုတော့ Young Old လို့ ခေါ်ပါတယ်။ အသက်အရွယ်ကြီးမြင့်သူများလို့ သတ်မှတ်ပါတယ်။ (၇၅)နှစ်အထက် ကိုတော့ Old Old People များ သက်ကြီးရွယ်အိုများလို့ သတ်မှတ်ထားပါတယ်။ အဲဒီအခါမှာ ဒီ(၆၀)ကနေ (၇၅)နှစ် အထိ အသက်အရွယ်ကြီးမြင့်သူများကို ကူညီစောင့်ရှောက်မှု ပေးသင့်သလို (၇၅)နှစ်ထက်ကျော် သွားပြီ ဆိုရင်တော့ ဒါမဖြစ်မနေကို စောင့်ရှောက်ထောက်ပံ့မှု ပြုပေးရမယ့် အနေအထားမျိုး ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

အဲဒီတော့ မြန်မာနိုင်ငံမှာလည်း သက်ကြီးရွယ်အိုတွေကို ဘယ်သူတွေက စောင့်ရှောက်နေလဲ ဆိုတော့ စေတနာရှင်တွေ၊ စေတနာရှင်အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက အဖွဲ့အစည်း တွေက စောင့်ရှောက် နေပါတယ်။ ဘိုးဘွားရိပ်သာတွေ ထူထောင်ထားရှိပါတယ်။ ဒီလိုပါပဲ ဒီ ပြည်ထောင်စုအစိုးရ အနေနဲ့လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကနေပြီးတော့

စောင့်ရှောက်မှုတွေ ပြုလုပ်နေပါတယ်။ ဒါပေမဲ့ လွှတ်တော်မှာ၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော် ခဏခဏတင်ပြသလိုပါပဲ၊ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာန လိုပါပဲ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ဘဲအုပ်က တစ်ရာ နှစ်ရာ အဖြစ်မျိုး လိုပါပဲ။ ဘတ်ဂျက်လည်း အင်မတန်မှ နည်းပါတယ်။ ဒီအင်မတန်မှ နည်းပါးတဲ့ ဘတ်ဂျက်ထဲကပဲ ဒီလိုမျိုး ထိုက်သင့်သလောက် ဖြည့်ဆည်းဆောင်ရွက်ပေးနေတဲ့အတွက်တော့ ကျေးဇူးလည်း တင်ရှိပါတယ်။

သို့သော်လည်း ဒါ နိုင်ငံ့ရဲ့ဂုဏ်အင်္ဂါ ဖြစ်ပါတယ်။ ဒီလို အငြိမ်းစားပုဂ္ဂိုလ်ကြီးတွေ၊ အငြိမ်းစား ဝန်ထမ်းကြီးတွေ၊ တစ်ခေတ်တစ်ခါက နိုင်ငံတော်အတွက် တာဝန်ကျေခဲ့တဲ့ပုဂ္ဂိုလ်တွေကို ဒီအချိန်မှာ ပြန်ပြီးတော့ ပြည်ထောင်စုအစိုးရအနေနဲ့ တာဝန်သိရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့က တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေ နိမ့်ပါးနေသေးလို့ မဆောင်ရွက်သေးဘူးဆိုရင် ဒါဟာ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ မရှိလို့မလှူ မလှူလို့မရှိ ဆိုတဲ့ အနေအထားမျိုး ဖြစ်နေပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကို စီမံကိန်းချမှတ်ပြီးတော့ကို လုပ်နိုင်သလောက် အတိုင်းအတာနဲ့ လုပ်ရမှာပါ။ လုပ်ပေးရမှာပါ။ ဒါမှပဲ နိုင်ငံတကာအလယ်မှာ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာစံနှုန်းနဲ့မီတဲ့ ကျွန်တော်တို့ရဲ့ ဒီ ပြဟ္မစိုရ်တရား ထွန်းကားတယ်ဆိုတာကို ထိရောက်သော သက်သေပြနိုင်မှာဖြစ်ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီလို စောင့်ရှောက်တဲ့နေရာမှာလည်း ဥပဒေပြဋ္ဌာန်းပြီးတော့ စောင့်ရှောက်ပေးနိုင်မှ ညီမျှသော၊ ထိရောက်သော စောင့်ရှောက်မှုမျိုး ဖြစ်ပါလိမ့်မယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အနှစ်ချုပ် မေးမြန်းလိုတာကတော့ နိုင်ငံသား သက်ကြီးရွယ်အိုတွေကို လေးစားထိုက်တဲ့ ဝါရင့်နိုင်ငံသား Senior Citizenship အဖြစ် သတ်မှတ် ပြီးတော့ ခရီးသွားလာရေး၊ ပြည်တွင်းခရီးသွားလာရေးမှာ ပုဂ္ဂလိကယာဉ်လိုင်းတွေရော၊ အစိုးရနဲ့ ပုဂ္ဂလိက အကုန်လုံး ပုဂ္ဂလိကကနေ ဒါတွေကို Contribute လုပ်ပေးပြီးတော့ ခရီးစရိတ် တစ်ဝက် ကျခံစေ၊ အစရှိသဖြင့် စောင့်ရှောက်ပေးဖို့ ရှိပါသလား။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ အလုံးစုံ တာဝန်ယူ စောင့်ရှောက်ပေးဖို့ ရှိပါသလား။ စားနပ်ရိက္ခာထောက်ပံ့မှုမျိုး ပံ့ပိုးပေးဖို့ရှိပါသလား။ လူမှုရေးဆိုင်ရာ ကူညီပံ့ပိုးဆောင်ရွက်မှုတွေကို ကူညီဆောင်ရွက်ပေးဖို့ ရှိပါသလား။ ခုနက မေးမြန်း တင်ပြခဲ့တဲ့ အချက်တွေ အကုန်လုံးကို ဥပဒေတစ်ရပ်အဖြစ် ရေးဆွဲပြဋ္ဌာန်းပေးပြီးတော့ ထိုက်သင့်တဲ့ သက်သာချောင်ချိမှုတွေကို ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ နဲ့ မရှိဘူးဆိုရင်လည်း ဘာဖြစ်လို့ ဒီလိုတာဝန်ကျေခဲ့တဲ့ နိုင်ငံသားကြီးတွေအပေါ်မှာ တာဝန်မသိနိုင်ဘဲနဲ့ တာဝန်ခံယူ ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုတဲ့ အတွက်ကြောင့်မို့လို့ အများပြည်သူအကျိုးငှာ အပြု သဘော တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဒေါ်စုစုလှိုင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းထားသော နိုင်ငံသားသက်ကြီးရွယ်အိုများကို Senior Citizenship အဖြစ် သတ်မှတ်ကာ ထိုက်သင့်သော သက်သာချောင်ချိမှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာရှိတဲ့ လူမှုဝန်ထမ်း ဦးစီးဌာနသည် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ တည်ထောင်ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာများကို အသိအမှတ်ပြုပြီး အဆင့်(၃)ဆင့်ခွဲ၍ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ အသိအမှတ်ပြုပြီး ဘိုးဘွားရိပ်သာပေါင်း(၆၃)ခုကို ထောက်ပံ့ငွေ ကျပ်သန်းပေါင်း (၁၃၀.၂၄)သန်းကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ဒါကလည်း ကျွန်မတို့ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဘက်ကနေပြီးတော့ ထပ်မံတိုးပေးခဲ့တဲ့ ဘဏ္ဍာငွေတွေကြောင့် ယခုလို များပြားစွာ ထောက်ပံ့ပေးနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ရပ်ရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ခြင်းလုပ်ငန်းအဖြစ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့(မြန်မာ)တို့ပူးပေါင်းပြီး ရပ်ရွာအခြေပြု သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့များကို ရန်ကုန်၊ ဧရာဝတီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်၊ မွန်ပြည်နယ်တို့မှာရှိတဲ့ မြို့နယ် (၁၀)မြို့နယ်၊ ကျေးရွာ(၈၃)ရွာကို ဖွဲ့စည်းပြီးတော့ အသက်မွေးဝမ်းကျောင်းမှု အစီအစဉ်များကို ဆောင်ရွက်ခြင်းဖြင့် သက်ကြီးရွယ်အိုများရဲ့ ဝင်ငွေရရှိရေးနဲ့ အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျေးရွာ(၅၅)ရွာမှာရှိတဲ့ သက်ကြီးသူများ အခြေခံကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ စိုက်ပျိုးရေးနည်းပညာ သင်တန်းပေးခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်း ပြုလုပ်နိုင်အောင် ဆောင်ရွက်ပေးခြင်း၊ မိုးရေသိုလှောင်ထိန်းသိမ်းတဲ့ အဆောက်အဦ တည်ဆောက်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဘဏ္ဍာငွေအရ အသုံးစာရင်းများကို နှစ်စဉ် ရေးဆွဲရာမှာ သက်ကြီးရွယ်အိုများနဲ့ ပတ်သက်ပြီး အသက်(၆၀)ပြည့်ပြီးတဲ့ အငြိမ်းစားယူတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ လုပ်သက်ဆုကြေးနဲ့ အငြိမ်းစားလစာများအတွက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနနဲ့ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများတွင် အငြိမ်းစားရန်ပုံငွေများ လျာထားပြီး သက်ကြီးရွယ်အိုများအတွက် ဘိုးဘွားရိပ်သာနဲ့ ပတ်သက်တဲ့ အသုံးစရိတ်များကို လုပ်ငန်းအလိုက် တင်ပြတောင်းခံထားသော စရိတ်များကို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေမှ ခွဲဝေကျခံသုံးစွဲခွင့်ပြုလျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်း

ပင်စင်စားများအတွက် ပင်စင်လစာနဲ့ ဆုကြေးများကို ဝန်ကြီးဌာန၊ ဦးစီးဌာနများအားလုံးအတွက် ပင်စင်ဦးစီးဌာနသို့လည်းကောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအတွက် အဖွဲ့အစည်းချင်း တစ်ခုချင်းသို့လည်းကောင်း တင်ပြတဲ့ အင်အားအရ စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် ပင်စင်လစာနှင့် ဆုကြေးအသုံးစရိတ် စုစုပေါင်း ကျပ်သန်းပေါင်း (၃၆၀၄၂၈.၆၄၁)သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် ကျပ်သန်းပေါင်း (၃၄၀၄၂၈.၆၄၁)သန်း ဖြစ်ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုရေးစောင့်ရှောက်ပေးရန် လိုအပ်နေတဲ့ သက်ကြီး ရွယ်အိုများအတွက် သက်ကြီးရွယ်အိုနေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ (Day care center for the Aged) ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိတဲ့အပြင် အသက်(၇၀)နှစ်အထက် သက်ကြီးရွယ်အိုများအတွက် လူမှုရေးအကူအညီ ထောက်ပံ့ပေးနိုင်ရန်အတွက် အမျိုးသားစီမံကိန်း ဥပဒေမူကြမ်းတွင်လည်း ထည့်သွင်းရေးဆွဲ တင်ပြထားရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံတော်ရဲ့ သက်ကြီးရွယ်အိုဆိုင်ရာ မူဝါဒ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ရာတွင် အထောက်အကူ ရရှိစေရန်နှင့် နှစ်စဉ်တိုးပွားလာတဲ့ သက်ကြီး ရွယ်အိုများအား စောင့်ရှောက်ရန်အတွက် အမျိုးသားအဆင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း စီမံချက်မူကြမ်းကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရမဟုတ်တဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနဲ့ ပူးပေါင်းပြီး ရေးဆွဲလျက်ရှိတဲ့အပြင် သက်ကြီးရွယ်အို အခွင့်အရေးများ ဆိုင်ရာ ဥပဒေမူကြမ်းကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် အဆိုပါ ဥပဒေများ ပေါ်ပေါက်လာချိန်နှင့် နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာချိန်မှသာ ဝါရင့်နိုင်ငံသား Senior Citizenship ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၃၆။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ တစ်ဆက်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ဒီလိုမျိုး လာရောက်ဖြေ ကြားတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို ကျေးဇူးအများကြီး တင်ရှိပါတယ်။ ဒါပေမဲ့ ခုနက မေးခွန်းထဲမှာလည်း ပါသွားပါတယ်။ အဖိုးတွေ ဘာတွေအတွက် ဘိုးဘွားရိပ်သာထူထောင်ပေးရုံလောက်၊ ဝန်ထမ်းအငြိမ်းစားတွေအတွက် ပင်စင် လစာငွေ ချီးမြှင့်ပေးရုံလောက် ရည်ရွယ်တဲ့ မေးခွန်းမျိုးမဟုတ်ပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းက အားလုံးကို ခြုံငုံပြီးတော့ အစိုးရအဖွဲ့အစည်းတစ်ရပ်အနေနဲ့ Integrated Approach နဲ့ ဘယ်လိုမျိုး စီမံဆောင်ရွက်မလဲဆိုတဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။ ဒုတိယဝန်ကြီး ဖြေကြားသွားတဲ့ အထဲမှာလည်း ပါပါတယ်။ စီမံချက် ရေးဆွဲနေပါတယ်။ နောက်တစ်ခါ သက်ကြီးရွယ်အို အခွင့်အရေး စောင့်ရှောက်ရေးဥပဒေမူကြမ်း ရေးဆွဲနေပြီလို့ သိရပါတယ်။ အဲဒီအခါကျတော့ ဒီထက်ပိုပြီးတော့ တိတိကျကျလေး ဖြေဆိုပေးစေချင်တာက ဒီစီမံချက်ဟာ ဘယ်တုန်းက စရေးဆွဲပြီးတော့ ဘယ်အချိန်မှာ ပြီးမှာပါလဲ။ နောက်တစ်ခုကတော့ ဒီသက်ကြီးရွယ်အိုအခွင့်အရေးစောင့်ရှောက်ရေး ဥပဒေမူကြမ်းဟာ ဘယ်အဆင့် ရောက်နေပါပြီလဲ။ ကျွန်တော်တို့ လွှတ်တော်တွေကို တင်ပြဖို့အတွက် ခန့်မှန်းခြေအားဖြင့်

ဘယ်အခု ကျွန်တော်တို့ အဌမအကြိမ်အစည်းအဝေးတွေ ပြီးပါတော့မယ်။ နဝမအကြိမ် အစည်းအဝေးမှာ တင်ပြနိုင်မလား။ ဒသမအကြိမ် အစည်းအဝေးမှာ တင်ပြနိုင်မလား။ အဲဒီလို ခန့်မှန်းခြေလေး တိတိကျကျတင်ပြပေးစေလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါ်စုစုလှိုင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးရှင့်။ ဒေါက်တာမြတ်ဉာဏစိုး မေးတဲ့ ဒီ ကျွန်မတို့ အခုရေးဆွဲနေတဲ့ စီမံချက်လုပ်ငန်းများကတော့ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်ပိုင်းလောက်ကစပြီးတော့ စတင် ရေးဆွဲနေတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဖွဲ့အစည်းပေါင်းစုံ ပါဝင်ပြီးတော့ ရေးဆွဲရန်လိုတာ ဖြစ်တဲ့အတွက် ခုနက ကျွန်မ ပြောခဲ့သလိုပဲ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေရော၊ ကျွမ်းကျင်ပညာရှင်တွေရော ဒါ ကျွန်မတို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရေးဆွဲဆဲလည်း ဖြစ်ပါတယ်။ တချို့လည်း တော်တော်များများ ပြီးနေပါပြီ။ ဒါပေမဲ့ ဒီနေ့ နောင်မှာပေါ်ပေါက်လာမယ့်၊ များပြားလာမယ့် သက်ကြီးရွယ်အိုတွေနဲ့ ပတ်သက်တဲ့ အခွင့်အရေးဆိုင်ရာ လုပ်ငန်းများကို ကျွန်မတို့ ဆက်ပြီးတော့၊ တိုးချဲ့ပြီးတော့ ဆောင်ရွက်နိုင်ရန်အတွက် စိစစ်ပြီးတော့ ရေးဆွဲနေတာဖြစ်တဲ့အတွက် အနည်းငယ်ကြာနေတာ ဖြစ်ပါတယ်။ မကြာမီမှာ ကျွန်မတို့ သက်ဆိုင်ရာအဆင့်ဆင့်ကို တင်ပြနိုင်ဖို့ ဖြစ်ပါတယ်။ သက်ကြီးရွယ်အို အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းကတော့ အခု ကျွန်မတို့ ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့အတွက်ကိုလည်း စီစဉ်စတင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဘယ်တော့ တင်မလဲ။

**ဒေါ်စုစုလှိုင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ ကျွန်မတို့ ဘယ်တော့တင်မလဲဆိုရင် လာမယ့် ဒသမအကြိမ်လောက်ဆိုရင်တော့ စတင်ပြီးတော့ တင်နိုင်လောက်ပါတယ်။

**မူဆယ်လေယာဉ်ကွင်းသစ် အမြန်ဆုံးတည်ဆောက် သွားနိုင်ရန်အတွက် လေယာဉ်ကွင်းဧရိယာ အတွင်း ကျရောက်နေသည့် မိုင်းယုသစ်တော ကြိုးဝိုင်းမြေ(၃၇၃.၆၀)ဧကအား သစ်တောမြေမှ အမြန်ဆုံး ပယ်ဖျက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် က မူဆယ်လေယာဉ်ကွင်းသစ် အမြန်ဆုံးတည်ဆောက်သွားနိုင်ရန်အတွက် လေယာဉ်ကွင်းဧရိယာအတွင်း ကျရောက်နေသည့် မိုင်းယုသစ်တောကြိုးဝိုင်းမြေ (၃၇၃.၆၀)ဧကအား သစ်တောမြေမှ အမြန်ဆုံး ပယ်ဖျက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဖိတ်ကြားထားသော ဧည့်သည်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပြီးတော့ အားလုံးပဲ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခအပေါင်းနဲ့ ထာဝစဉ်ပြည့်စုံ ခညောင်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မူဆယ်လေယာဉ် ကွင်းသစ် အမြန်ဆုံးတည်ဆောက် သွားနိုင်ရန်အတွက် လေယာဉ်ကွင်းဧရိယာအတွင်းမှာ ကျရောက် နေတဲ့ မိုင်းယုသစ်တော ကြိုးဝိုင်းမြေ(၃၇၃.၆၀)ဧကအား သစ်တောမြေမှ အမြန်ဆုံး ပယ်ဖျက်ခွင့် ပြုပေးနိုင်မည့်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသဖွံ့ဖြိုးရေးအတွက် ထူးကုမ္ပဏီများအုပ်စု (Htoo Group of Companies) မှ တည်ဆောက်မယ့် လေယာဉ်ကွင်းသစ်ဟာ မူဆယ်မြို့နဲ့ (၁၂)မိုင် အကွာအဝေးမှာရှိပြီးတော့ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ လာရှိုး-မူဆယ်ကားလမ်းမကြီးရဲ့ အနောက် ဘက်ခြမ်း မော်တောင်းကျေးရွာအုပ်စု၊ ကောင်းဗှက်ကျေးရွာရဲ့ အနောက်မြောက်ဘက် ခန့်မှန်းခြေ မြေပုံအညွှန်း (LG-945435) တစ်ဝိုက်၌ တည်ရှိပါတယ်။ မူဆယ်လေယာဉ်ကွင်းသစ်ကို ထူးကုမ္ပဏီများ အုပ်စုမှ တာဝန်ယူ တည်ဆောက်မှာဖြစ်တဲ့အတွက်ကြောင့် လေယာဉ်ကွင်းသစ် တည်ဆောက်မယ့် နေရာဟာ ခန့်မှန်းခြေမြေပုံအညွှန်း(A-LG 964479, B-LG 972477, C-LG 973479, D-LG 976478, E-LG 963441, F-LG 960442, G-LG 969468 နှင့် H-LG 960472) ရှိ မြေဧရိယာ(၅၀၄.၆၂)ဧက ဖြစ်ကြောင်းသိရှိရပါတယ်။ တည်ဆောက်မယ့် လေယာဉ်ကွင်းသစ်ဧရိယာဟာ (၅၀၄.၆၂)ဧကအတွင်း ထဲမှာ မိုင်းယုသစ်တောကြိုးဝိုင်းမြေ(၃၇၃.၆၀)ဧက ပါဝင်ကြောင်းလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ဒေသဖွံ့ဖြိုးရေးအတွက် မူဆယ်လေယာဉ်ကွင်းသစ် အမြန်ဆုံး တည်ဆောက်နိုင်ရန် လေယာဉ်ကွင်း ဧရိယာအတွင်း ကျရောက်နေတဲ့ မိုင်းယုသစ်တော ကြိုးဝိုင်းမြေ(၃၇၃.၆၀)ဧကအား သစ်တောမြေမှ အမြန်ဆုံး ပယ်ဖျက်ခွင့်ပြုပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ ကို မူဆယ်ခရိုင်ပြည်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၃။**

**ဦးဇင်ယော် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ရဲ့ မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇင်ယော် က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် မှ မေးမြန်းလာသော မူဆယ်လေယာဉ်ကွင်းသစ် အမြန်ဆုံး တည်ဆောက်သွားနိုင်ရန်အတွက် မိုင်းယုသစ်တော ကြိုးဝိုင်းမြေ(၃၇၃.၆၀)ဧကအား သစ်တောမြေမှ အမြန်ဆုံး ပယ်ဖျက်ခွင့်ပြုနိုင်မည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အောက်ပါအတိုင်း ဖြေကြားထားပါတယ်။

မူဆယ်ခရိုင်၊ မူဆယ်မြို့နယ် လားရှိုး-မူဆယ် ကားလမ်းမကြီးရဲ့ အနောက်ဘက်ခြမ်း မော်တောင်းကျေးရွာအုပ်စု၊ ကောင်းဝှက်ကျေးရွာ၏ အနောက်မြောက်ဘက် ထူးကုမ္ပဏီအုပ်စုမှ လေယာဉ်ကွင်းသစ် တည်ဆောက်ရန် လျာထားသည့် မြေဧရိယာ(၅၀၄.၆၂)ဧကအတွင်း မိုင်းယု သစ်တောကြိုးဝိုင်းမြေ(၃၇၃.၆၀)ဧကအား သစ်တောမြေမှ ပယ်ဖျက်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၅၇၀၂/၇၆၂၈/အစရ(ရှမ်း) ဖြင့် တင်ပြလာခြင်းအပေါ် စိစစ်ရာ မိုင်းယုသစ်တောကြိုးဝိုင်းအတွင်း ကျရောက်သော မြေဧရိယာမှာ (၂၄၄.၇၄)ဧက ဖြစ်ပါတယ်။ အဆိုပါသစ်တောမြေ (၂၄၄.၇၄)ဧကတွင် သစ်တောဦးစီးဌာနက တည်ထောင်စိုက်ပျိုးခဲ့သော ၁၉၉၃ ခုနှစ် ကျေးရွာသုံးစိုက်ခင်း(၇၅.၅၃)ဧက၊ ၁၉၉၄ ခုနှစ် ကျေးရွာသုံး စိုက်ခင်း(၃.၄၄)ဧက၊ ၂၀၀၁ ခုနှစ်တွင် စက်မှုကုန်ကြမ်းစိုက်ခင်း(၂.၅၃)ဧက၊ ၂၀၀၂ ခုနှစ်တွင် စီးပွားရေးစိုက်ခင်း(၈.၀၃)ဧကနှင့် ၂၀၀၅ ခုနှစ် စက်မှုကုန်ကြမ်းစိုက်ခင်း(၁၂၁.၄၆)ဧက၊ စုစုပေါင်း (၂၁၀.၉၉)ဧက ပါဝင်လျက်ရှိပါတယ်။ မူဆယ်လေယာဉ်ကွင်း တည်ဆောက်ရေးနှင့် ပတ်သက်၍ သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးခြင်းမပြုဘဲ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းပြီး ဒေသခံပြည်သူများ၏ သဘောထားကိုရယူခြင်း လေယာဉ်ကွင်း တည်ဆောက်ရန် အဆိုပြုဧရိယာအတွင်း ကျရောက်နေသည့် နိုင်ငံတော်ပိုင်သစ်တောစိုက်ခင်း (၂၁၀.၉၉)ဧကအတွက် ထိုက်သင့်သည့် ကုန်ကျစရိတ်ပေးလျော်စေခြင်း လက်ရှိဆောင်ရွက်နေသောလုပ်ငန်းစဉ် လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေငှားရမ်းသည့်စနစ်ဖြင့်သာ ခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ချက်များကို ဆက်လက်တင်ပြပါမယ်။ လေယာဉ်ကွင်း ဖောက်လုပ်ရန်အတွက် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အဆိုပါလေယာဉ်ကွင်းသစ် ဖောက်လုပ် မယ့် လျာထားသည့်နေရာအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးခဲ့ပါတယ်။ လေယာဉ်ကွင်းသစ် ဖောက်လုပ်ရန် လျာထားတဲ့နေရာဟာ မူဆယ်မြို့မှ (၈)မိုင်အကွာ ကောင်းဝှက်ရွာ အနောက်မြောက် ဘက် ကုန်းလျှောတစ်လျှောက်မှာ တည်ရှိပါတယ်။ လေယာဉ်ကွင်း ပတ်ဝန်းကျင်အနေအထားမှာ ပြေးလမ်းမြောက်ပိုင်းတွင် တောင်ကုန်းတည်ရှိခြင်း ပြေးလမ်း အရှေ့တောင်ဘက်တွင် ကောင်းဝှက်ရွာ တောင်ဘက်တွင် လူနေအိမ်အချို့နှင့် စိုက်ခင်းများရှိခြင်း၊ ပြေးလမ်း၏ အရှေ့ဘက်(၁၈၀၀)ပေ အကွာတွင် လားရှိုး-မူဆယ်ကားလမ်းတည်ရှိခြင်းနှင့် ပြေးလမ်း၏အနောက်ဘက်တွင် တောင်ကုန်းများ တည်ရှိနေပါတယ်။ လေယာဉ်ဆင်းသက်မှုလမ်းကြောင်းတွင် လွတ်ကင်းမှုအနေအထားမှာ အပြည်ပြည် ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့ချုပ်၏ Annex 14 Official Limitation Surface ဖြင့် စိစစ် ချက်အရ ပြေးလမ်းတောင်ဘက် ချဉ်းကပ်ရာ မြေဧရိယာအတွင်းမှာ မလွတ်ကင်းသော တောင်ကုန်း (၃)ခုတွေ့ရှိရပြီး တောင်ကုန်း တစ်ခုချင်းစီဟာ (၄၆)ပေ၊ (၁၉၆)ပေ နဲ့ (၃၀၈)ပေ အသီးသီး မြေဖြတ်ခြင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြေးလမ်းမြောက်ဘက်ပိုင်းရှိ တောင်ကုန်းများမှာ ခွင့်ပြုအမြင့်ထက် (၄၀၀)ပေကျော် မြင့်သဖြင့် ပြေးလမ်းမြောက်ဘက်မှ ဆင်းသက်၍ ဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။ Procedure for Air Navigation Service Air Operation ဖြင့် စိစစ်ချက်အရ ပြေးလမ်း တောင်ဘက် ချဉ်းကပ်ရာ လမ်းကြောင်းအတွင်းမှာ Control Austricle ဟု ခေါ်ဆိုသော ကန့်သတ် တောင်ကုန်း(၃)ခု တွေ့ရှိရပြီး တောင်ကုန်း တစ်ခုချင်းစီဟာ အနည်းဆုံး(၁၀၄)ပေ၊ (၂၆)ပေနဲ့(၂၇၉)ပေ အသီးသီး မြေဖြတ်ခြင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်း

ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ စိစစ်တွေ့ရှိ ချက်အရ ပြေးလမ်းတစ်ဖက်သာ အသုံးပြုနိုင်ပြီး ပြေးလမ်းတောင်ဘက်မှ လေယာဉ်ဆင်းသက်နိုင်ရန် တောင်ကုန်းများအား မြေဖြတ်ခြင်း ဆောင်ရွက် ရပါမယ်။ လျှာထား ပြေးလမ်း၏ ပတ်ဝန်းကျင်တွင် တောင်ကုန်းများ တည်ရှိနေခြင်းကြောင့် လေကြောင်း ဆိုင်ရာ ကန့်သတ်ချက်များရှိခြင်း၊ လေယာဉ်ပြေးလမ်း တောင်ဘက်ထိပ်မှ ဆင်းသက်ရန် မလွတ်ကင်း သော တောင်ကုန်းများကို မြေဖြတ်ခြင်း ဆောင်ရွက်ပါက တည်ဆောက်ရေးလုပ်ငန်း ပမာဏများပြား နိုင်ခြင်း၊ လေယာဉ်ပြေးလမ်း မြောက်ဘက်ထိပ်တွင် တောင်ကုန်းရှိခြင်းကြောင့် လေယာဉ် အဆင်း အတက် မရနိုင်ခြင်း စသည့် ကန့်သတ်ချက်များ ရှိနေတဲ့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မူဆယ်မြို့နယ်ဧရိယာအတွင်း လေယာဉ်ကွင်း ဖောက်လုပ်ရန် အစီအစဉ် မရှိကြောင်း ဖြေကြားထား ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိက လုပ်ငန်းရှင်များက လေယာဉ်ကွင်း ဖောက်လုပ်ရန် ဆောင်ရွက်မည်ဆိုပါက အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့၏ သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်မှသာလျှင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်း များကို ပို့ဆောင်ရေးဝန်ကြီးဌာနက ခွင့်ပြုနိုင်မယ့် အခြေအနေရှိကြောင်း ဖြည့်စွက်ဖြေကြားအပ် ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ဖြည့်စွက်တင်ပြလိုတာကတော့ လေယာဉ်ကွင်းများ ဖောက်လုပ်တဲ့အခါမှာ လေယာဉ်များ ပျံသန်းခြင်းနဲ့ လိုင်စင်များပေးခြင်း စသဖြင့် လေကြောင်းဆိုင်ရာ ပျံသန်းမှုလုပ်ငန်း အစစအရာရာ ဆောင်ရွက်တဲ့အခါမှာ အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ်ရဲ့ စံချိန်စံညွှန်းများနဲ့အညီ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်း ရှိ/မရှိ ကိုလည်း အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ် ဒေသဆိုင်ရာရုံးခွဲဟာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ တည်ရှိပြီး အဲဒီမှာရှိတဲ့ Regional Director နဲ့ Inspector လို့ ခေါ်တဲ့ စစ်ဆေးသူများဟာ နှစ်စဉ်နဲ့ အခါအားလျော်စွာ မြန်မာနိုင်ငံကို လာရောက်စစ်ဆေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ပြင်ပက လာရောက်ပြီးတော့မှ စစ်ဆေးခြင်းခံယူရတဲ့ အဖွဲ့အစည်းတစ်ခုလည်း လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒီလို စစ်ဆေးတဲ့အခါမှာ စာရင်းစစ်ဆေးခြင်း မဟုတ်ဘဲနဲ့ Performance Audit လို့ ခေါ်တဲ့ လက်တွေ့လိုက်နာ ဆောင်ရွက် ခြင်း ရှိ/မရှိ ဆိုတဲ့ အခြေအနေများကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း များကို ဖောက်လုပ်မယ်ဆိုလို့ရှိရင် စစ်ဆေးတဲ့ဌာနရဲ့ခံယူချက်ကို အပြည့်အဝလိုက်နာပြီးမှ လက်တွေ့ ဆောင်ရွက်ပြီးတော့မှ ကြိုတင်ခွင့်ပြုချက်ရယူ ဆောင်ရွက်ပြီးတော့မှ ဖောက်ပြီးလို့ရှိရင်လည်း စစ်ဆေးမှု ခံယူရပါတယ်။ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းမဟုတ်ဘဲနဲ့ အခြားအရပ်ဘက် လေယာဉ်ကွင်းများ ဖောက်လုပ်မယ်ဆိုလို့ရှိရင်လည်း သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများနဲ့အညီသာ ဖောက်လုပ်ပါဆိုပြီး တော့မှ ညွှန်ကြားချက်တွေရှိပါတယ်။ အကယ်၍ ထိုသို့ဆောင်ရွက်မှုများ၊ ခိုင်းစေမှုများ၊ ညွှန်ကြားချက် များကို လိုက်နာမှုမရှိဘဲ ဆောင်ရွက်ခဲ့မယ်ဆိုလို့ရှိရင် တစ်စုံတစ်ရာ ဘေးအန္တရာယ်များ ကျရောက် လာပါက အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ်ရဲ့ ညွှန်ကြားတဲ့ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဆောင်ရွက်ခြင်းမရှိဘူး ဆိုပြီးတော့မှ Black List လိုဟာမျိုး စာရင်းတွေ ထည့်သွင်းလေ့ရှိပါတယ်။ အဲဒီလို ထည့်သွင်းတယ်ဆိုလို့ရှိရင် လေကြောင်းဆိုင်ရာမှာ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းတွေ

ဖြစ်ခဲ့မယ်ဆိုလို့ရှိရင် လေကြောင်းလိုင်းများ ဆင်းသက်ဖို့ ခက်ခဲသွားပါတယ်။ အရပ်ဘက် လေယာဉ်ကွင်းများ ဖြစ်စေကာမူ အမည်ပျက် စာရင်းဝင်သွားတဲ့အတွက် ဒီအမည်ပျက်စာရင်းကို ရှင်းလင်းနိုင်ဖို့အတွက် အချိန်များစွာယူပြီးတော့မှ ပြုပြင်တည်ဆောက်မှုများ ဆောင်ရွက်ရပါတယ်။ ဒီအတွက်ကြောင့်လည်း အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ်ရဲ့ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်နေတာဖြစ်လို့ သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးကို ကန့်ကွက်တဲ့အနေနဲ့ ဆောက်လုပ်ရန် ခက်ခဲတဲ့ စသဖြင့် အဖြေမျိုးများ ကျွန်တော်တို့က ပေးနေတာ မဟုတ်ပါဘူး။ တကယ့် လက်တွေ့လိုက်နာဆောင်ရွက်ရတဲ့ အခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိနိုင်အောင် ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြချက်သာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၂)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၀၇)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်ငါးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားပါတဲ့ ဥက္ကဋ္ဌကြီး နဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်း ဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးမယ့် ကျွန်တော်တို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ကျွန်တော် ဆွေးနွေးတဲ့အချိန်မှာ ကျွန်တော်တို့ ဒီ အဓိက ပထမဆုံး တင်ပြချင်တာကတော့ ဒီ ကမ္ဘာမှာ ဒီမိုကရေစီနိုင်ငံကို ကျင့်သုံးတဲ့ နိုင်ငံတွေအကြောင်းကို လေ့လာတဲ့အချိန်မှာ အဓိကအားဖြင့် ဒီ Presidential Systemပေါ့။ Congress System နဲ့ Westminster Parliamentary System နှစ်မျိုးကို ကျင့်သုံးတာတွေ့ရပါတယ်။ တချို့တွေကတော့ ဒီ(၂)ခုကို ရောပြီးတော့ Semi-presidential ဆိုပြီးတော့ ခေါ်တာလည်းရှိတယ်။ ကျွန်တော်တို့ အခြေခံဥပဒေကို လေ့လာတဲ့အချိန်မှာ ဒီ Congress Style ပေါ့၊ American Systemပေါ့။ ဒီ Presidential System ကို အဓိက အနီးစပ်ဆုံး ယူတာ တွေ့ရပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာလည်း ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ သမ္မတ၊ ဒုတိယ သမ္မတ၊ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးများရဲ့ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များကို ဥပဒေလုပ်တဲ့အချိန်မှာလည်း တခြားနိုင်ငံမှာ လုပ်တဲ့ပုံစံတွေကိုလည်း နှိုင်းယှဉ် ပေးလို့ရအောင် ဆိုပြီးတော့ ကျွန်တော် ဒီ အမေရိကန်မှာ ကျင့်သုံးတဲ့စတိုင်ကို ကျွန်တော် နည်းနည်း တင်ပြချင်ပါတယ်။

ကျွန်တော် ဒီဟာကတော့ World Almanac 2005 စာအုပ်ထဲက ယူတာဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ ပြည်ထောင်စုကွန်ကရက်စနစ်ကို ကျင့်သုံးတဲ့ အမေရိကန်နိုင်ငံရဲ့ ကျင့်သုံးပုံကို နည်းနည်းတင်ပြချင်ပါတယ်။ သူတို့ သမ္မတကတော့ သူတို့လည်း State Head ဆိုတော့ အများဆုံး ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီ အခြေခံဥပဒေမှာ ဖော်ပြထားတာ သမ္မတသည် နိုင်ငံတော်ရဲ့ အကြီးအကဲ State Head နဲ့ အုပ်ချုပ်ရေးအကြီးအကဲ ပေါ့နော်၊ Cebinet Head ဆိုပြီးတော့ (၂)ခု ကိုင်ထားတာ တွေ့ရပါတယ်။ အများဆုံးဖြစ်ရတဲ့ အကြောင်းအရင်းကတော့ ဒီအုပ်ချုပ်ရေးအကြီးအကဲ ဖြစ်လို့ရတာ မဟုတ်ဘဲနဲ့ နိုင်ငံတော်အကြီးအကဲ State Head ဖြစ်လို့ အများဆုံးရဖို့ကတော့ တော်တော်သင့်လျော်ပါတယ်။ အမေရိကန်မှာလည်း ဒီလိုပဲ ကျင့်သုံးနေတာကို တွေ့ရပါတယ်။ သို့သော် ကျန်တဲ့ မဏ္ဍိုင်(၃)ရပ်တော့ Executive, Legislative, Judicial ကျတော့ ကျွန်တော်တို့ သူတို့နိုင်ငံမှာလည်း တူညီစွာပေးတာကို တွေ့ရပါတယ်။ သူတို့ ဒုတိယသမ္မတပေါ့။ ဒုသမ္မတကတော့ သူရဲ့ရာထူး အလျောက် အထက်လွှတ်တော်ရဲ့ဥက္ကဋ္ဌ ဖြစ်လာပါတယ်။ ဒုသမ္မတက ကျွန်တော်တို့ လစာ ဘယ်လောက်ရလဲဆိုရင် ဒီစာအုပ် 2005 World Almanac အရဆိုရင်နှစ်သိန်းနဲ့ သုံးထောင် ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ နောက်တစ်ခုက House Speakerပေါ့၊ House of Repersentative အောက်လွှတ်တော်ရဲ့ လွှတ်တော်ဥက္ကဋ္ဌကလည်းပဲ နှစ်သိန်းနဲ့သုံးထောင်ပေါ့၊ တိတိကျကျ သွားတူတာကို တွေ့ရပါတယ်။ ပြီးတော့ Chief Justice ကျွန်တော်တို့ဆီမှာ ခေါ်တဲ့ တရားလွှတ်တော်ချုပ်ပေါ့၊ သူ Chief Justice က လည်း နှစ်သိန်းနဲ့ သုံးထောင် တိတိကျကျရတာ။ ဒီ မဏ္ဍိုင်(၃)ခုလုံးရဲ့ လစာဟာ တူညီစွာပေးတာကို တွေ့ရပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက သူတို့ မူကြမ်းပြင်ထားတဲ့ ကျွန်တော်တို့ မဏ္ဍိုင်(၃)ခုစလုံး ညီမျှအောင် ဆိုပြီးတော့ ဆွဲတဲ့ဟာက တော်တော်လေး နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဟာတွေနဲ့လည်း တော်တော်လေး ကိုက်ညီပြီးတော့ ကျွန်တော်တို့ တော်တော်လည်း သင့်မြတ်ပါတယ် ဆိုတဲ့အကြောင်းကို ထောက်ခံချင်ပါတယ်။ ယခု ကျွန်တော်တို့ဆီမှာ သမ္မတကြီးနဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးရယ်၊ ပြီးတော့ တရားလွှတ်တော်ချုပ် ဒီမှာပေးတဲ့ Amount ကတော့ ပမာဏအားဖြင့် ကြည့်မယ်ဆိုရင်တော့ နိုင်ငံတကာနဲ့ နှိုင်းယှဉ်တော့ အင်မတန်မှ နည်းပါတယ်။ သို့သော် ကျွန်တော် အဓိက ဆွေးနွေးချင်တာကတော့ မဏ္ဍိုင်(၃)ရပ်ရဲ့ နောက်ခံမှာရှိတဲ့ ဒီမူပေါ့၊ မဏ္ဍိုင်(၃)ခုစလုံးဟာ ဒီ ညီမျှသင့်တယ်ဆိုတာကိုပဲ ကျွန်တော် အခု တင်ပြချင်ပါတယ်။

ပထမ ဥပဒေမှာတော့ ဆွဲထားတာကတော့ အုပ်ချုပ်ရေးအပိုင်းကိုလည်း တော်တော်လေး အသာပေးပြီးတော့ ကျန်တဲ့မဏ္ဍိုင်နှစ်ခုဖြစ်တဲ့ တရားလွှတ်တော်ချုပ်နဲ့ လွှတ်တော်အပိုင်းကို နည်းနည်း အောက်ရောက်အောင် ဆွဲထားတာဖြစ်ပါတယ်။ အမှန်မှာတော့ ဒီမဏ္ဍိုင်(၃)ခုကို နှိုင်းယှဉ်ကြည့်မယ် ဆိုရင် သူရဲ့ ပထမလာတဲ့ အတွေးအခေါ်တွေပေါ့နော်၊ မူတွေအရဆိုရင် Check and Balance လုပ်တဲ့အချိန်မှာ ဘယ်ဟာက အမြင့်ဆုံးဖြစ်ရမလဲ ဆိုပြီးတော့ ဒီဟာတွေကို ဖန်တီးတဲ့ အတွေးအခေါ် ပညာရှင်တွေကိုပေါ့နော်၊ အဲဒီ သူတို့ရေးတဲ့စာတွေကို လေ့လာမယ်ဆိုရင် Congress သူတို့ Supremacy လို့ သူတို့ ရေးပါတယ်။ ဒီ မဏ္ဍိုင်(၃)ခုကို နှိုင်းယှဉ်ကြမယ်ဆိုရင်တော့ Congress က သူတို့ကို ထိန်းညှိနိုင်ဖို့ သူတို့ တွေးခေါ်ခဲ့ပါတယ် ဆိုတဲ့ အကြောင်းကိုလည်း တင်ပြချင် ပါတယ်။

အဲဒါကြောင့် ဒီမဏ္ဍိုင်(၃)ခုရဲ့ Head တွေအပြင် ပြည်ထောင်စုဝန်ကြီးတွေအတွက် ဥပဒေကြမ်း ကော်မတီက ရေးဆွဲထားတဲ့ဟာကိုလည်း ကျွန်တော် ထောက်ခံပါတယ်။ တော်တော်လည်း သင့်မြတ်တယ် ဆိုတာကို ပြောချင်ပါတယ်။ ဘာဖြစ်လို့ (၅)ခုစလုံးမှာ ကျွန်တော် နာမည်ပေးတာလည်း ဆိုရင် (၅)ခုလုံးက တစ်ဆက်တစ်စပ်တည်း ဖြစ်နေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ လစာနဲ့ ဒီ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များရဲ့ ကျွန်တော်တို့ ဘယ်လို ခေါ်ရမှာလဲ အုပ်ချုပ်ရေးအဖွဲ့ ပြည်ထောင်စုဝန်ကြီးတွေရဲ့ လစာကွာခြားတဲ့ပုံ ဆွေးနွေးတာကတော့ ကျွန်တော် နောက်ဆုံးမှာ ဒီထက် ကျယ်ကျယ်ပြန့်ပြန့်လေး ဆွေးနွေးပါမယ်။

ယခု ပထမဆုံးအနေနဲ့တော့ ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၁၇။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ရိုသေလေးစားရ ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော လွှတ်တော်ကိုယ်စားလှယ် ကြီးများ၊ ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာမေတ္တာပို့ရင်း ဂါရဝပြု လိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ဒီကနေ့ အမျိုးသားလွှတ်တော်

ဥပဒေကြမ်းကော်မတီ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်ထားတဲ့ အစီရင်ခံထားတာကို ထောက်ခံပါတယ်။ ထောက်ခံတဲ့အပြင်ကို ကျွန်တော်တို့နိုင်ငံအတွက် ဘဏ္ဍာငွေကို သုံးစွဲတဲ့နေရာမှာ ပိုပြီးတော့ ထိထိရောက်ရောက် ဖြစ်ဖို့အတွက်လည်း ကျွန်တော် အကြံပြုလိုပါတယ်။ ဒါက ကျွန်တော်တို့ လွှတ်တော်နဲ့ဆိုင်တဲ့အပိုင်း၊ တာဝန်ရှိတဲ့အပိုင်းကို ဆွေးနွေးဖို့ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ဒီ လွှတ်တော် စဖွင့်ပြီးတော့ ကျွန်တော်တို့ အစိုးရဖွဲ့တယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်မှာ အဓိကတာဝန်ပါပဲ။ အစိုးရနဲ့ပတ်သက်လာလျှင် လွှတ်တော်က ထောက်ပြမယ်။ အဆိုပြုမယ်။ တိုက်တွန်းမယ်။ ဒါဟာ ကျွန်တော်တို့ လွှတ်တော်ရဲ့ တာဝန်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ သမ္မတ၊ ဒုတိယသမ္မတ(၂)ပါးဟာ ဖွဲ့စည်းပုံအရ ဒါဟာ ဘယ်လိုမှ ဖွဲ့စည်းပုံ မပြောင်းမလဲချင်းတော့ ဒါက ဒီ ရာထူးက ဘယ်လိုမှ အပြောင်းအလဲမရှိဘူး။ ဒါပေမဲ့ ကျွန်တော်တို့မှာ စဉ်းစားဖို့ရာ ဌာနဆိုင်ရာဝန်ကြီးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်မှာ ပြန်လည် သုံးသပ်ဖို့ တာဝန်ရှိတယ်လို့ ကျွန်တော်မြင်တယ်။

ဘာလဲဆိုတော့ ကျွန်တော်တို့ ယခုလက်ရှိ အစိုးရဝန်ကြီးဌာန(၃၆)ဌာန၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီး(၆)ဦးအပါအဝင်၊ (၆)ဌာန အပါအဝင် (၃၆)ဌာနရှိတယ်။ အဲဒီ (၃၆)ဌာနမှာ ပြည်ထောင်စုအဆင့်ဝန်ကြီး (၃၆)ပါး၊ ဒုတိယဝန်ကြီး အပါး(၆၀)ရှိတယ်။ ဒါ စာရင်းအသေးစိတ်တော့ မတင်ပြတော့ပါဘူး။ အချိန်ကို ငဲ့ညှာသောအားဖြင့်၊ အဲဒီတော့ စုစုပေါင်း ကျွန်တော်တို့ ပြည်ထောင်စုအစိုးရမှာ ဝန်ကြီး၊ ဒုတိယဝန်ကြီး(၉၆)ပါးရှိတယ်။ သမ္မတ၊ ဒုတိယသမ္မတ (၂)ပါး မပါသေးဘူး။ ပါရင်တော့ (၉၉)ပါး ထားဦးတော့ အဲဒီ(၉၆)ပါးအပေါ်မှာ ကျွန်တော်တို့ အများကြီး စဉ်းစားသင့်ပါတယ်။ လိုအပ်သလား၊ လျှော့ချလို့ မသင့်ဘူးလား၊ ကျွန်တော်တို့ ခေတ်အဆက်ဆက်ကို ပြန်ကြည့်မယ် ဆိုရင် ကျွန်တော်တို့ နိုင်ငံမှာဆိုရင် ၁၉၆၀ ခုနှစ်အထိ ဖဆပလအစိုးရလက်ထက်မှာ (၁၉)ပါးက နေပြီးတော့ အပါး(၂၀)ပဲ ရှိတယ်။ ၁၉၆၀ ဖဆပလအစိုးရ ရွေးကောက်ပွဲနဲ့ အိမ်စောင့် အစိုးရ ပြီးတဲ့နောက်ပိုင်း ရွေးကောက်ပွဲ လုပ်ပြီးတော့ အိမ်စောင့်အစိုးရက ရွေးကောက်ပွဲ လုပ်ပေးတယ်။ ၁၉၆၀ မှာ ရွေးကောက်ပွဲပြီးတော့ အစိုးရသစ် ပြန်ဖွဲ့တဲ့အခါမှာ အားလုံးက ဝန်ကြီး(၉)ပါး၊ နောက်ပြီးတော့ ပါလီမန်အတွင်းဝန် ဒုတိယဝန်ကြီးအဆင့် ရှိတဲ့ ပါလီမန်အတွင်းဝန်(၁၃)ဦးရှိတယ်။ အဲဒီတော့ စုစုပေါင်း(၂၂)ဦးပဲရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံအတိုင်းအတာနဲ့ပဲ တွက်ကြည့် မယ်ဆိုရင် အခု လက်ရှိအခြေအနေမှာ(၉၆)ပါးရှိတယ်ဆိုတာ ပြန်လည်စဉ်းစားဖို့လိုတယ်။

နောက်ပြီးတော့ နိုင်ငံတကာနဲ့ ပြန်ပြီးတော့ ယှဉ်ကြည့်မယ်ဆိုရင် ဆွစ်ဇာလန်လိုနိုင်ငံဟာ အင်မတန်ကြီးမားတဲ့ စီးပွားရေး၊ တကယ်ချမ်းသာတဲ့နိုင်ငံ သမ္မတ အပါအဝင် အားလုံး ပြည်ထောင်စုဝန်ကြီးက(၇)ပါးပဲ ရှိတယ်။ သမ္မတအပါအဝင်မှ (၇)ပါးပဲရှိတယ်။ အဲဒီတော့ သမ္မတ(၁)ပါး၊ ဝန်ကြီး (၆)ပါး အဲဒီလောက်ပဲရှိတယ်။ နောက်ပြီးတော့ ထိုင်းနိုင်ငံဆိုရင် ဝန်ကြီးချုပ် (၁)ပါး၊ ဒုတိယဝန်ကြီးချုပ် (၅)ပါး။ ဒါပေမဲ့ ယခု အခြေအနေမှာ Resign လုပ်ထားတာ (၁)ပါးရှိတယ်။ နုတ်ထွက်ထားတာ (၁)ပါးရှိတယ်။ နောက်ပြီး ဌာနဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးက(၁၉)ပါး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးက (၃)ပါး၊ ဒုတိယဝန်ကြီးက(၁၁)ပါး၊ အဲဒီတော့ နှုတ်ထွက်သွားတဲ့ ဒုတိယဝန်ကြီးချုပ် မပါဘူးဆိုရင် (၃၈)ပါးပဲ ရှိတယ်။ အစိုးရတစ်ဖွဲ့လုံးမှာ ဒါတောင်မှ အဲဒီအစိုးရတစ်ဖွဲ့လုံးမှာ (၆)ပါတီ၊ ညွန့်ပေါင်းအစိုးရ ဖြစ်တယ်။ နောက် ဗီယက်နမ် လို နိုင်ငံမျိုး ကျွန်တော်တို့နိုင်ငံနဲ့ အရွယ်အစားတူတယ်။

စီးပွားရေးတော့ ကျွန်တော်တို့ထက် ပိုကောင်းပါတယ်။ အဲဒါကို ကျွန်တော်တို့ ပြန်နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဗီယက်နမ်နိုင်ငံမှာ ဝန်ကြီးချုပ်(၁)ပါး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး(၂၁)ပါး အားလုံး(၂၂)ပါးပဲရှိတယ်။

ကျွန်တော်တို့ နိုင်ငံထက် လူဦးရေဆယ်ဆမက အဆနှစ်ဆယ်ကျော်ကျော်များတဲ့ အိန္ဒိယနိုင်ငံ ကျွန်တော်တို့ နိုင်ငံထက် လူဦးရေအဆနှစ်ဆယ်ကျော်များတယ်။ အဲဒါ စီးပွားရေးကစသည်ဖြင့် အဆပေါင်းမြောက်မြားစွာ ကျွန်တော်တို့ နိုင်ငံထက် ကြီးမားတယ်။ အဲဒီတော့ အိန္ဒိယနိုင်ငံမှာဆိုရင် ဝန်ကြီးအဆင့်က(၂၄)ပါး၊ ဒုတိယဝန်ကြီးအဆင့်က(၂၅)ပါး၊ ဝန်ကြီးချုပ်ပါ (၁)ပါးဆိုတော့ အားလုံးဟာ အပါး(၅၀)ပဲရှိတယ်။ ကျွန်တော်တို့ရဲ့ (၉၆)ပါးနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့မှာ တကယ်လို့ သမ္မတ(၃)ပါး အပါအဝင်ဆိုရင် (၉၉)ပါး။ အဲဒါကို ကျွန်တော်တို့ ပြန်နှိုင်းယှဉ်ကြည့်မယ်ဆိုရင် တော်တော်လေး များနေပြီ။ တကယ်လိုအပ်လို့လား။ လျှော့လို့ မရဘူးလား။ ဒါဟာ ကျွန်တော်တို့အတွက် လွှတ်တော်အတွက် စဉ်းစားရမယ်။ သမ္မတ(၃)ပါးကိုတော့ ကျွန်တော်တို့ လွှတ်တော်မှာ လျှော့ပိုင်ခွင့်မရှိဘူး။ ဒါက ဖွဲ့စည်းပုံအရလာတယ်။ ဒီ ဝန်ကြီးဌာနနဲ့ ဝန်ကြီးအရေအတွက်ဟာ ကျွန်တော်တို့ လွှတ်တော်မှာ တာဝန်ရှိလို့ ကျွန်တော်လွှတ်တော်ကို တင်ပြရခြင်း ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီ ဝန်ကြီးဌာနတွေ များတဲ့အပြင် ငွေလုံးငွေရင်းဘတ်ဂျက်မှာ ငွေလုံးငွေရင်းကိုတော့ ကျွန်တော်တို့ဖြတ်တောက်နိုင်တယ်။ သာမန်အသုံးစရိတ် ဝန်ကြီးဌာနတွေ သာမန်အသုံးစရိတ် ကျွန်တော်တို့မှာ ဖြတ်တောက်ခွင့် မရှိဘူး။ အဲဒီတော့ ကျွန်တော်တို့ ပြန်လည်တွေ့ရှိချက်အရဆိုရင် သာမန်အသုံးစရိတ်မှာ အင်မတန်မှ များပြားနေတာကို တွေ့ပါတယ်။ အချို့နေရာမှာ။ အထူးသဖြင့် ဘာလဲဆိုတော့ (၀၃) ဖြစ်တဲ့ ပစ္စည်း၊ လုပ်ခနဲ့ ဆောင်ရွက်မှု ကုန်ကျငွေ နောက်ပြီးတော့ စက်ဆီ၊ ချောဆီ၊ ဒီဇယ်ဆီ(၆၀)ဂါလံ၊ ဝန်ကြီးတစ်ပါး ကား(၁)စီး၊ (၆၀)ဂါလံ၊ ဓာတ်ဆီက(၁၃၀)ဂါလံ အဲဒီလိုဟာမျိုးတွေ။ အခြားအသုံးစရိတ်။ နောက်ပြီးတော့ ပြင်ဆင်ထိန်းသိမ်းစရိတ် ဒါတွေဟာ အချို့ဌာနတွေမှာ တော်တော်လေးများတာကို တွေ့ရပါတယ်။ ကျွန်တော်တို့မှာ ဘတ်ဂျက်မှာ ကျွန်တော်တို့ဖြတ်တောက်ခွင့်မရှိဘူး။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေဟာ ကျွန်တော်တို့ရဲ့ လွှတ်တော်ကနေပြီးတော့ အဆို၊ အကြံပေးအဆိုပြု တိုက်တွန်းတဲ့ အဆိုမျိုးကို လုပ်သင့်ပါတယ်လို့ ကျွန်တော် မြင်ပါတယ်။ နောက်ပြီးတော့ တစ်ခုရှိသေးတာက ဘာလဲဆိုတော့ ဒီ အခုလို အဲဒီ ဓာတ်ဆီ၊ ချောဆီ၊ စက်သုံးဆီတွေကို ဒီလောက်ထုတ်ပေးတဲ့ များများစားစား ထုတ်ပေးတယ်။ ဝန်ကြီးဌာနတွေကလည်းများတယ်။ မနှစ်ကလည်း ကျွန်တော်ပြောဖူးတယ်။ ကျွန်တော်တို့ နေပြည်တော်မှာကိုက ဆီမှောင်ခိုတွေ အများကြီး၊ အပြင်မှာ မှောင်ခိုရောင်းနေတာ အများကြီးရှိတယ်။ လမ်းဘေး၊ လမ်းအလယ်၊ လမ်းထောင့်၊ နောက်ဈေးမှာရော ဒီဆီတွေက ဘယ်ကထွက်လဲ အဓိကအားဖြင့် သေချာစုံစမ်းလေ့လာသင့်တယ်။

အများအားဖြင့် ဒီသာမန် အသုံးစရိတ်က လာတာပဲ များပါတယ်။ အခြားနေရာမှာ မရှိဘူး။ ဒီနေပြည်တော်မှာပဲ ရှိတယ်။ ဒီနေပြည်တော်မှာပဲ ဝန်ကြီးရုံးတို့၊ ဝန်ကြီးဌာနတွေရှိတယ်။ အဲဒီတော့ သာမန် အသုံးစရိတ် နေရာမှာလည်းပဲ ကျွန်တော်တို့ စိစစ်ဖို့၊ နိုင်ငံတော်အစိုးရအနေနဲ့ စိစစ်ဖို့ ကျွန်တော်တို့ တိုက်တွန်းသင့်ပါတယ်လို့ အကြံဉာဏ်ပြုပါတယ်။ နောက်ပြီးတော့ အဆောင်အယောင်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဘာမှထပ်ပြီးတော့ မဆွေးနွေးပါဘူး။ ဒါပေမဲ့ နိဂုံးချုပ်တော့ ပါမယ် ခင်ဗျား။ ဒီကစပြီးတော့ ဟိုကိစ္စဟာ ကျွန်တော်တို့ အရေအတွက်လျှော့ချလိုက်ရင် ဒီအဆောင်အယောင်နဲ့ ဝန်ထုပ်ဝန်ပိုးဟာ အများကြီးလျော့ကျပါတယ်။ ကျန်တာကတော့ ကျွန်တော်တို့

ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအတိုင်း ထောက်ခံပါတယ်။ အားလုံးကို လေးစားပါတယ်။ ကျေးဇူးတင်ပါတယ်။ နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၈။**

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်(၅)မှ ဦးဝင်းနောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းမှာ မူလဥပဒေပုဒ်မ ၃ မှာ ဖော်ပြထားတဲ့ နိုင်ငံတော်သမ္မတသည် လစဉ်ချီးမြှင့်ငွေ ကျပ်သိန်း(၅၀) ခံစားခွင့်ရှိသည်ဆိုတဲ့ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ပြီး ကျပ်(၁၅)သိန်း ခံစားခွင့်ရှိသည်လို့ ပြဋ္ဌာန်းရန် တင်ပြထားတဲ့အပေါ် အကြံပြုဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် အကြံမပြုမီ၊ ကျွန်တော့်အနေနဲ့ လူ၊ ပုဂ္ဂိုလ်ရေးအမြင်နဲ့ တင်ပြခြင်း မဟုတ်ပါကြောင်းကိုလည်း ဦးစွာတင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည့်စုံကိုက်ညီစေရန်နဲ့ နိုင်ငံတော်အနေနဲ့ ဖြစ်သင့်ဖြစ်ထိုက်သည်ကိုသာ သုံးသပ်အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတအတွက် လစဉ်ချီးမြှင့်ငွေကျပ်(၁၅)သိန်းလို့ သတ်မှတ်ပြဋ္ဌာန်းမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နဲ့ ကိုက်ညီမှာ မဟုတ်ဘဲ နိုင်ငံတော်ရဲ့ ဂုဏ်ဒြပ်ကိုပါ ထိခိုက်နိုင်ပါကြောင်း အလေးအနက်ထားပြီး ဝေဖန်တင်ပြလိုပါတယ်။ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတာတွေကို ပြန်ကြည့်ရင် ပုဒ်မ ၁၆ မှာ နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတ ဖြစ်သည်လို့ အခြေခံမူအဖြစ်နဲ့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၅၇ မှာလည်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်လို့ ဖော်ပြထားပြီး၊ ပုဒ်မ ၅၈ မှာတော့ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာမှာ အထွတ်အထိပ်နေရာ ရရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော် အုပ်ချုပ်ရေးအကြီးအကဲ အနေနဲ့ဆိုရင်တော့ အခြားသော ပုဂ္ဂိုလ်များထက် အနည်းငယ်ပိုများတဲ့ ကျပ်(၁၅)သိန်းဟာ သင့်လျော်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲသာမက နိုင်ငံတော်အကြီးအကဲ ဖြစ်တယ်။ နိုင်ငံတော်ကို ကိုယ်စားပြုသူ ဖြစ်တယ်။ နိုင်ငံသားအားလုံးရဲ့ အထွတ်အထိပ်နေရာ ရရှိသူဖြစ်တယ် အစရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ ဂုဏ်ပုဒ်တွေနဲ့ပါ ပြည့်စုံကိုက်ညီစေရန်အတွက်ဆိုရင်တော့ နောက်ထပ် ကျပ်(၁၅)သိန်း တိုးပြီး၊ စုစုပေါင်း ကျပ်သိန်း(၃၀) သတ်မှတ်ပြဋ္ဌာန်းသင့်တယ်လို့ အကြံပြုချင်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတ ဆိုတာ နိုင်ငံတော်မှာ တစ်ဦးတည်းသာရှိသည့်အတွက် ၎င်းရဲ့ သမ္မတ သက်တမ်းကာလအတွင်း နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ ဂုဏ်ပုဒ်တွေနဲ့အညီ ထိုက်ထိုက်တန်တန်ချီးမြှင့်တဲ့ လစဉ်ချီးမြှင့်ငွေ ပမာဏဟာ နိုင်ငံတော်ဘဏ္ဍာအနေနဲ့ ပြောရလောက်အောင် များပြားကုန်ကျမှာ လည်း မဟုတ်ပါဘူး။ ဒါ့အပြင် အိမ်နီးချင်းနိုင်ငံတွေ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက နိုင်ငံ့ ခေါင်းဆောင် အကြီးအကဲများ ရရှိထားတဲ့ ချီးမြှင့်ငွေနှုန်းထားတွေနဲ့ နှိုင်းယှဉ်ပါက အလယ်အလတ် သာမန်နှုန်းထားထက်ပင် နည်းပါး နေမယ်ဆိုရင် နိုင်ငံတော်ရဲ့ ဂုဏ်ဒြပ်ကို ထိခိုက်နိုင်မလားဆိုတာ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ နိုင်ငံရဲ့ ပြည်ထောင်စု --------

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းနောင် ဟို ဥပဒေကြမ်းကော်မတီက တင်ပြတုန်းက သေချာ နားထောင်ရဲ့လားမသိဘူး။ ဥပဒေမှာ သိန်း(၅၀)ရှိတယ်။ သမ္မတက ညွှန်ကြားချက်ထုတ်ပြီးတော့ (၁၅)သိန်းပဲယူထားလို့ ဒါကို ဥပဒေနဲ့ညီအောင် (၁၅)သိန်းပဲ ပြဋ္ဌာန်းတယ်ဆိုတာ သိလိုက်ရလား မသိဘူး။ အခု သမ္မတက အမိန့်ထုတ်ပြီး သူကိုယ်တိုင်ယူထားတာ (၁၅)သိန်းပါဆိုတာ သိလိုက်ရလား။ သိလား။

**ဦးဝင်းနောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ -------- ကျွန်တော် ဒါ ဆက်ပြီး ဆွေးနွေးလိုက်ရင် လိပ်ပတ်လည်သွားမှာပါ။ လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်ထောင်စု အဆင့် ပုဂ္ဂိုလ်များ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာဥပဒေမှာ နိုင်ငံတော်သမ္မတကို ကျပ်သိန်း(၅၀)လို့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ကျွန်တော် နိုင်ငံတော်ရဲ့ ဂုဏ်ဒြပ်ကို မထိခိုက်ဘဲနဲ့ တင့်တယ်နေတာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာန်းများနှင့် ပြည့်စုံကိုက်ညီမှု ရှိစေရန်နှင့် နိုင်ငံတော်ရဲ့ဂုဏ်ဒြပ်ကိုလည်း မထိခိုက်နိုင်စေဖို့အတွက် နိုင်ငံတော်သမ္မတအတွက် လစဉ်ချီးမြှင့်ငွေကျပ် (၁၅)သိန်းလို့ သတ်မှတ်ပြဋ္ဌာန်းမယ့်အစား ပိုမိုသင့်လျော်တဲ့ ကျပ်သိန်း(၃၀) ခံစားခွင့်ရှိတယ်လို့ ပြင်ဆင်ပြဋ္ဌာန်းသင့်တဲ့အကြောင်း အလေးအနက် အကြံပြုတင်ပြလိုပါတယ်။ ခုန ကျွန်တော်ဥက္ကဋ္ဌကြီးအမိန့်ရှိတဲ့ နိုင်ငံတော်သမ္မတကနေ လျှော့ပြီးတော့ ခံစားနေတယ်ဆိုတာ ကျွန်တော် သိရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ဥပဒေနဲ့ ပြဋ္ဌာန်းထားတာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံတော် သမ္မတကြီးဟာ ဒီလိုလျှော့ပြီးတော့ ခံစားနေတယ်။ နောက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ လျှော့ပြီးတော့ ခံစားနေတယ်။ အခုဆိုရင် သက်တမ်းရဲ့ ငါးပုံသုံးပုံတောင် ရှိပါပြီ။ ဒါ အင်မတန် ဂုဏ်ယူဖို့ ကောင်းပါတယ်။ ကျွန်တော်လည်း ဒါကို လေးစားစွာနဲ့ ဂုဏ်ပြုအပ်ပါတယ်။ ဒါပေမဲ့ ဒီ (၁၅)သိန်းကို ကျွန်တော်တို့ လွှတ်တော်က၊ သမ္မတက သူ (၁၅)သိန်းပဲ ယူမယ်လို့ လျှော့ထားတာကို ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းတဲ့အခါ ပြင်ဆင်တဲ့အခါမှာလည်း ဒီ (၁၅)သိန်းပဲလို့ သတ်မှတ်ပေးလို့ရှိရင် နိုင်ငံတော်ရဲ့ ဂုဏ်ဒြပ်တွေဟာ ဒီဥပဒေနဲ့ လာပြီးတော့ ချိန်ထိုးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဥပဒေပြဋ္ဌာန်းတဲ့အခါမှာတော့ (၁၅)သိန်းလို့ မပြဋ္ဌာန်းပေးဘဲနဲ့ သိန်း(၃၀)လို့ ပြဋ္ဌာန်းသင့်တဲ့အကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၄။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွအားလုံးပဲ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီးတော့ ကျွန်မ ဒီ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာအပေါ်မှာ ကျွန်မ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒါကတော့ ဒီ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ ရဲ့ အစီရင်ခံစာရဲ့ လေ့လာတွေ့ရှိချက် သူက အပိုဒ်(၂)၊ အပိုဒ်ခွဲ(င)အပေါ်မှာ ကျွန်မ အထူးအလေးအနက်ထားပြီးတော့ အဲဒါကို ကျွန်မဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၉ မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်တယ်ဆိုတဲ့အတွက်ကြောင့် မို့လို့ ကျွန်မက အဲဒီ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မအချို့ကိုပဲ ရည်ညွှန်းကိုးကားပြီးတဲ့ အခါကျတော့ ယေဘုယျသဘော ကျွန်မဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒါကတော့ အခုဒီ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားကြတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ဆိုတဲ့အတွက် အဲဒီခေါင်းစဉ်အောက်မှာ ကျွန်မ ဒီအပိုဒ်(င)ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဲဒီ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၇ မှာတော့ ကျွန်မတို့ ၄၇ မှာ နိုင်ငံတော်ဆိုတာနဲ့ ပတ်သက်ပြီးတော့ ပြဋ္ဌာန်းချက် ရှိပါတယ်။ အခုဒီ အပိုဒ်(င)မှာ ဤဥပဒေတွင် ချီးမြှင့်ငွေနဲ့ စရိတ်များဆိုင်ရာ အကြောင်းအရာများသာ ပါရှိပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသ ဥက္ကဋ္ဌနဲ့ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနဲ့ ကောင်စီဝင်များအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများတွင် ချီးမြှင့်ငွေနဲ့ စရိတ်များသာမက အဆောင်အယောင်ဆိုင်ရာ ပြဋ္ဌာန်းချက်များကိုပါ ပြည့်စုံစွာ သီးခြားပြဋ္ဌာန်းပေးထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင် သတ်မှတ်ချက်များသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးနယ်ပယ် (၃)ရပ်စလုံးအတွက် ဖြစ်နိုင်သမျှ ညီညွတ်မှုရှိအောင် ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည် ဆိုပြီးတော့ ဒါ ကျွန်မတို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်ကို သူက တင်ပြထားတာ ဖြစ်ပါတယ်။ ကျွန်မလည်း အဲဒါနဲ့ ပတ်သက်ပြီးတော့မှလည်း အခု ပုဒ်မ ၃၈၉ အရ ကျွန်မတို့ မြန်မာနိုင်ငံမှာ နိုင်ငံသူ/နိုင်ငံသားတွေရဲ့တာဝန်က ကိုယ်ပေးဆောင်စရာရှိတဲ့ အခွန်တွေကို နိုင်ငံတော်ကို ပေးဆောင်ရမယ်ဆိုတာကို အားလုံးလည်း ဒီအထဲမှာလည်း ပါတယ်။ ကျွန်မတို့အားလုံးလည်း ဒါကို သိနားလည်ထားပြီးသား ဖြစ်ပါတယ်။ အဲဒီလိုဖြစ်တဲ့အခါကျတော့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များ သို့မဟုတ် ကျန်တဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကလည်း သူတို့ရရှိတဲ့ ဝင်ငွေတွေအပေါ်မှာ နိုင်ငံတော်ကို တာဝန်ကျေစွာ ပေးဆောင်ဖို့ အဆင်သင့်ရှိကြမယ်လို့ ကျွန်မတို့လည်း ယုံကြည်ပါတယ်။

သို့သော်ငြားလည်းပဲ ဒီမှာ အခု သူတို့က အခွန်ကောက်တဲ့အခါမှာ ဒီ ချိုးမြှင့်ငွေဆိုတဲ့အပေါ်မှာ ဒါဟာ ပြင်ဆင်ပြီးတော့ ချိုးမြှင့်ငွေဆိုတဲ့ စကားရပ်နဲ့ ပတ်သက်ပြီး နည်းနည်းလေး ကွဲကွဲပြားပြား တိတိကျကျ မရှိတဲ့အခါကျတော့ ဒါ ထပ်ပြီးတော့ ကျွန်မတို့ ပြင်ဆင်ပေးဖို့လို့ ဒါ အဲဒီလိုနားလည်ပါတယ်။ အဲဒီကျတော့ အဲဒီလို အခွန်ကောက်မယ်ဆိုတဲ့ အခါမှာ ကျွန်မတို့ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပေးထားတဲ့ ပြဋ္ဌာန်းချက်တွေအတိုင်း ညီညီညွတ်ညွတ် ဖြစ်သင့်ဖြစ်ထိုက်တဲ့ တာဝန်နဲ့ ရပိုင်ခွင့်တွေ ထိထိရောက်ရောက် ဖြစ်ဖို့အတွက် ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(ဂ)နဲ့ ၂၁(ဃ)မှာ ကျွန်မတို့ ပါထားပြီးသား ဖြစ်ပါတယ်။ ဒါအားလုံး အေးအေးချမ်းချမ်းနဲ့ တရားဥပဒေစိုးမိုးရေး ရှိဖို့အတွက်လည်း တာဝန်ရှိတာဖြစ်သလို အားလုံးအတွက် ဒီ ထိထိရောက်ရောက်နဲ့ ကိုယ်ရဲ့ တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေ၊ တားမြစ်ချက်တွေ၊ ရပိုင်ခွင့်တွေ၊ ပေးဆပ်ရမှာတွေ အားလုံး တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ထိထိရောက်ရောက် ဖြစ်ဖို့အတွက်လည်း နိုင်ငံတော်က လိုအပ်တဲ့ ဥပဒေကို ပြဋ္ဌာန်းပေးရမယ်လို့ ဒီအထဲမှာ ကျွန်မတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။

အဲဒီတော့ အခု ဒီကျွန်မတို့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက လေ့လာတွေ့ရှိပြီးတော့ အကြံပြုတင်ပြထားသလိုပဲ ကျွန်မတို့က ဒါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး နယ်ပယ် (၃)ရပ်စလုံးအတွက် ဖြစ်နိုင်သမျှ ညီညွတ်မှုရှိအောင် ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည် ဆိုတဲ့အတိုင်းပဲ ကျွန်မကတော့ ဒီ ကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်တွေအပေါ်မှာ၊ လေ့လာတွေ့ရှိချက်တွေအပေါ်မှာ အကြံပြုသုံးသပ် ချက်တွေအပေါ်မှာ ကျွန်မက ထောက်ခံပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မက ဒီ ပြည်ထောင်စုအဆင့်နဲ့ ပတ်သက်ပြီးတဲ့ အခါကျတော့ ဒီ ဥပဒေကြမ်းကော်မတီရဲ့ အကြံပြုချက်အတိုင်းပဲ ကျွန်မလည်း အင်မတန် သင့်တင့်မျှတတဲ့ နိုင်ငံတော်ရဲ့တာဝန်ကိုလည်း ကျေနိုင်ဖို့၊ နိုင်ငံသားတွေရဲ့ တာဝန်ကိုလည်း အပြည့်အဝ ထမ်းဆောင်နိုင်ဖို့ အပြန်အလှန် တာဝန်ကိုယ်စီ ကျေကြဖို့အတွက် ကျွန်မတို့ ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ ကျွန်မက ထောက်ခံကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၉။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာတဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ဖလမ်းမြို့နယ်ရဲ့ အရှေ့ဘက်ခြမ်းနယ်မြေရဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေ ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်၍ ကျွန်တော်ထောက်ခံဆွေးနွေးပါမယ်။ နောက် ပြင်ဆင်သင့်တဲ့ အရာကိုလည်း ထပ်ပြီးမှ တိုးမြှင့် ပြင်ဆင်သင့်ကြောင်းကို

လည်း ဆွေးနွေးပါမယ်။ ကျွန်တော့်ရှေ့မှာလည်း လွှတ်တော် ကိုယ်စားလှယ်(၄)ဦး ကနေပြီးမှ ဆွေးနွေး သွားပြီးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနဲ့ တိုင်းဒေသကြီးရဲ့ လွှတ်တော်များ၊ နောက် ဝန်ကြီးချုပ်များရဲ့ စရိတ်ချီးမြှင့်ငွေ အဆောင်အယောင် များကို ပြည့်ပြည့်စုံစုံ ကျွန်တော်တို့ သတ်မှတ်ပြီးသား ဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်ရဲ့ အခြေအနေ အရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတကြီးမှ အခြေခံဥပဒေတွင် ဖော်ပြထားသည့် အတိုင်း ရမယူဘဲ တိုင်းပြည်ကို ငဲ့ညှာသောအားဖြင့် အနစ်နာခံကာ ကျွန်တော်တို့ ဒီ စရိတ်၊ ချီးမြှင့်ငွေကို န.အ.ဖ အုပ်ချုပ်စဉ်အခါက ရှိခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့လက်ခံ၊ သူတို့ ထုတ်ယူခဲ့ပါတယ်။ အဲဒီလို သမ္မတကြီးရဲ့ မွန်မြတ်တဲ့စေတနာဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် အလွန်ကို မွန်မြတ်ကောင်းမွန်တဲ့ လုပ်ရပ် ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အကောင်းလုပ်တိုင်းကလည်း အသိ အားလုံးမကောင်းနိုင်တဲ့ အပိုင်းမှာ ရှိပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့ ဒီစရိတ်ချီးမြှင့်ခံစားတဲ့ အဆင့်ပုဂ္ဂိုလ်များဟာဆိုရင် ကျွန်တော်တို့ဒီ အတော်အသင့်နေနိုင်တဲ့ ပုဂ္ဂိုလ်ရှိသလို၊ ကျွန်တော်တို့ အတော်အသင့် မနေနိုင်တဲ့ ပုဂ္ဂိုလ်လည်း ရှိပါတယ်။ အဲဒီမှာ အတော်အသင့် မနေနိုင်တဲ့ ပုဂ္ဂိုလ်များအတွက်တော့ အဲဒီမှာ ကျွန်တော်တို့ မကောင်းတတ်ဘူးလို့ ကျွန်တော် ယူဆမိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အဲဒီလိုပဲ အကောင်းလုပ်တိုင်း အားလုံး မကောင်းတတ်ဘူးဆိုတဲ့ ကျွန်တော့် ဝေဖန်ချက်ပဲ ဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ ဒီ လွှတ်တော် ချီးမြှင့်ခံစားတဲ့ ပုဂ္ဂိုလ်များအနေနဲ့လည်း တချို့ကျတော့ ကျွန်တော်တို့ ဒီ အငြိမ်းစားဝန်ထမ်းကနေ လာတဲ့သူရှိပါတယ်။ နောက် တချို့ကျတော့ တောင်သူ လယ်သမားဘက်ကနေ လာတဲ့လူရှိပါတယ်။ သူတို့ကျတော့ အဲဒီမှာ စုမိဆောင်းမိတဲ့ ပစ္စည်းပစ္စယ လည်းရှိမှာ မဟုတ်ဘူး ထင်ပါတယ်။ အဲဒါကြောင့် သူတို့အတွက် ပိုပြီးမှ စဉ်းစားသင့်ပါတယ်။ သို့အတွက်ကြောင့် ကျွန်တော် ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် စတုတ္ထ အကြိမ် ပုံမှန်အစည်းအဝေးတွင် ကျွန်တော် ကြယ်ပွင့်မပြမေးခွန်းနဲ့ အချက်(၃)ချက်ကို မေးမြန်းခဲ့ ပါတယ်။ အဲဒီ ကျွန်တော် မေးမြန်းချက်ကတော့ (၁) အနေနဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ စရိတ်ချီးမြှင့်ငွေကို သတ်မှတ်ထားသည့် အတိုင်း ထုတ်ယူရန် အစီအစဉ် ရှိ/မရှိ။ (၂)အနေနဲ့ မရှိပါက နှုန်းထားသစ်တစ်ခု ပြန်လည်ရေးဆွဲကာ အချိန်ကာလသတ်မှတ်ပြီး ခံစားစေရန် အစီအစဉ် ရှိ/မရှိ။ နောက် (၃)အနေနဲ့ အထက်ပါ တစ်ခုအနက် တစ်ခုအတည်ပြုပါက လျှော့နည်းထုတ်ယူသည့် ကာလများမှ ချီးမြှင့်စရိတ်အားလုံး ပြန်လည်ထုတ်ယူ ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ အချက်(၃)ချက် ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ ဒီ သမ္မတရုံးဝန်ကြီး ကနေပြီးတော့မှ ပြန်လည်ဖြေကြားရာမှာ ကျွန်တော် မေးမြန်းတဲ့ဟာကို ဇွန်လမှာမေးပြီးမှ သူက နောက် (၃)လကြာတဲ့အခါမှာ အဖြေကို ကျွန်တော့်ဆီမှာ ပြန်လည်ပေးပို့ပါတယ်။

အဲဒီမှာ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာနအမှတ်(၂) ကနေပြီး ပြန်လည်ဖြေကြားရာမှာ ပြည်ထောင်စု အစိုးရအနေနဲ့ ၁-၄-၂၀၁၁ ခုနှစ် ရက်နေ့မှစ၍ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေဆဲကာလ ဖြစ်ပါသည်။ နိုင်ငံတော်တွင် ဆင်းရဲနွမ်းပါးမှုမှာ လက်ရှိ (၂၆)ရာခိုင်နှုန်း ဖြစ်ပြီး၊ ၂၀၁၅ ခုနှစ်မှာ (၁၆)ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေချိန်မှာ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နဲ့အဆောင် အယောင်များဆိုင်ရာ ဥပဒေတို့ကို ရေးဆွဲထုတ်ပြန်ထားပြီး ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအဖွဲ့ အနေဖြင့် အနစ်နာခံကာ နိုင်ငံတော်အတွက် အထောက်အကူ ဖြစ်စေရေး အချိန်ကာလ အတိုင်းအတာတစ်ခုအထိ စိတ်ရင်းစေတနာဖြင့် ခြိုးခြံချွေတာ ပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်၏စီးပွားရေး အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက်လာပါက ထိုသင့်တော်သော ထိုက်သင့်သော ခံစားခွင့်များရရှိ ခံစားရမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

အဲဒီလိုပြန်လည်ဖြေကြားပါတယ်။ အခုအခါမှာ လွှတ်တော်တည်ထောင်တာ၊ တည်ဆောက်တာ (၃)နှစ်(၃)မိုး ရှိတော့မယ်ဖြစ်ပါတယ်။ ဒီ ပြည်ထောင်စုအဆင့် အနေနဲ့သော် လည်းကောင်း၊ ဒီ စရိတ်ချီးမြှင့်ခံစားတဲ့ ပုဂ္ဂိုလ်များအားလုံးဟာ ဤကဲ့သို့ (၃)နှစ်(၃)မိုးအနစ်နာခံတဲ့ အတွက်ကြောင့် ကျွန်တော်တို့ အခုအချိန်မှာ ဥပဒေကြမ်းကော်မတီက အဆိုပြုချက်အတိုင်း ကျွန်တော်တို့ ခွင့်ပြုနိုင်တောင်မှ ကျွန်တော်တို့ တိုးမြှင့်ပြီးတော့မှ နောက် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနောင် တင်ပြသလို ကျွန်တော်တို့ နိုင်ငံတော် သမ္မတကြီးကနေပြီးတော့မှ (၁)လကို သိန်း(၅၀) မဟုတ်ရင်တောင်မှ အဲဒီထက် နည်းနည်းလျှော့ပြီးတော့မှ ဆင့်ကဲဆင့်ကဲ အဲဒီလို တွက်ချက်ပြီးတော့မှ တိုးမြှင့်ပေးသင့်ကြောင်း ဆွေးနွေးရင်း ကျွန်တော်နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ငါးဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ကို ဆက်လက်ဆောင်ရွက်ပါ့မယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဒုတိယမြောက် ဆွေးနွေးချင်တာကတော့ ဒီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေနှင့်စရိတ်၊ အဆောင်အယောင်များဆိုင်ရာ ဥပဒေ ဖြစ်ပါတယ်။

ဒီ ပြည်ထောင်စုဝန်ကြီးတွေနဲ့ ဒီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တွေရဲ့ ချီးမြှင့်ငွေ တူဖို့အားကတော့ တော်တော်လေး သင့်မြတ်ပါတယ်။ ဒီပုံစံအတိုင်း သူတို့ ဥပဒေကြမ်းကော်မတီက ဆွဲထားတဲ့ဟာ တော်တော်လေး သင့်မြတ်ပါတယ်ဆိုတာ ထောက်ခံတင်ပြလိုပါတယ်။

ပြီးတော့ ဒုတိယအချက်မှာ ဘာလဲဆိုတော့ ဒီ အခွန်ကိစ္စပေါ့၊ အခွန်ကိစ္စကိုတော့ ကျွန်တော် ဆွေးနွေးချင်ပါတယ်။ စောစောတုန်းက ဒီ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေနဲ့လည်း ဆိုင်မယ် ဖြစ်ပါတယ်။ ဒီ ကျွန်တော်တို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တွေက သော်လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေ၊ ဝန်ကြီးတွေသော်လည်းကောင်း၊ ဒီ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံးပေါ့၊ ဒီ နိုင်ငံတော်ရဲ့ ထိပ်မှာရှိတဲ့ ဒီ မဏ္ဍိုင်(၃)ခုမှာရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့ အခွန်ပေးဖို့ရာတော့ တော်တော်လေး သင့်မြတ်ပါတယ်။ ကျွန်တော်တို့ ဒီ ချီးမြှင့် ငွေပဲခေါ်ခေါ်၊ လစာပဲခေါ်ခေါ်၊ ဘယ်လိုပဲ ခေါ်ခေါ်ပေါ့၊ ဒီ ကျွန်တော်တို့က ဒီ ပြည်သူတွေရဲ့ ဒီ စံနမူနာဖြစ်ဖို့ အရေးကြီးပါတယ်။ ဒီ ကျွန်တော်တို့ လေ့လာမယ် ဆိုရင်လည်း စောစောတုန်းက ပြတဲ့ Slide အတိုင်းဆိုရင်လည်း အမေရိကန် နိုင်ငံ မှာလည်း သူတို့ သမ္မတ ကနေစပြီးတော့ ဒုတိယသမ္မတ လွှတ်တော်ဥက္ကဋ္ဌတွေ အားလုံးက သူတို့ရရှိတဲ့ ချီးမြှင့်ငွေထဲကနေ Tax ပေးပါတယ်။ Taxable ဖြစ်ပါတယ်။ သူတို့ရဲ့ Allowance တွေပဲ Tax မပေးတာ ဖြစ်ပါတယ်။ ဒီတခြား နိုင်ငံနဲ့ နှိုင်းယှဉ် ကြည့်တာပေါ့နော်။ ကျွန်တော်တို့ အားလုံးကဒီမဏ္ဍိုင် (၃)ခု ထိပ်မှာရှိတဲ့ ပုဂ္ဂိုလ်တွေ အားလုံးက တိုင်းသူပြည်သားအားလုံးရဲ့ စံဖြစ်ဖို့ လိုပါတယ်။ တိုင်းပြည်မှာရှိတဲ့ နိုင်ငံသားတွေ အားလုံးသည် နိုင်ငံတော်ကို ပေးသင့်ပေးထိုက်တဲ့ အခွန်တွေကို ကျွန်တော်တို့ ပေးရမယ်ဆိုတာကို နိုင်ငံတော်မှာရှိတဲ့ နိုင်ငံသားတွေ အားလုံး ကျေကျေနပ်နပ်နဲ့ လက်ခံပြီးတော့ သဘောပေါက်ပြီးတော့ သူတို့ ပေးဖို့လည်း လိုပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ကလည်း အားလုံးက စံပြနဲ့ လုပ်ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ချီးမြှင့်ငွေပဲခေါ်ခေါ်၊ လစာပဲခေါ်ခေါ်၊ ဘယ်လိုပဲခေါ်ခေါ် ကျွန်တော်တို့ နေ့တွက်စရိတ် မဟုတ်ဘဲနဲ့ လစဉ်ရတဲ့ ချီးမြှင့်ငွေ သို့မဟုတ် လစာထဲကနေပြီးတော့ အခွန်ပေးဖို့က တော်တော်သင့်မြတ်ပါတယ် ဆိုတဲ့အကြောင်းကို ပြောကြား ရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၉။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ ချီးမြှင့်ငွေ၊ စရိတ် အဆောင်အယောင်များ နှင့် ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော့် အနေနဲ့ အင်မတန် သင့်လျော်တယ်လို့ မြင်ပြီးတော့ ထောက်ခံပါတယ်။ အကျယ်တဝင့် ဆွေးနွေးစရာ ဘာမှမရှိသေးပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ အခွန်ပေးဆောင်တာကအစ ဒါဟာ သင့်လျော်ပါတယ်။ အားလုံး ထောက်ခံပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ ယခု ဥပဒေကြမ်းနဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နှစ်ဦးရဲ့ ဆွေးနွေးချက်တွေဟာ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ကွဲလွဲမှု မရှိသော်လည်း နောက်တစ်ကြိမ်ကျမှ အတည်ပြုဆုံးဖြတ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၁။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်း (၅)ခုစလုံးမှာ ကျွန်တော် ဒီဆွေးနွေးဖို့ နာမည်ပေးတာကတော့ ဒီ ကျွန်တော်တို့ နေပြည်တော်ကောင်စီဝင်တွေ၊ ဥက္ကဋ္ဌတွေ သူတို့ရတဲ့ အချိုးတွေကပေါ့၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးတွေ ရတဲ့ပုံစံနဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေ ရတဲ့ပုံစံနဲ့တူအောင် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့ဟာကို တော်တော်လေး သင့်မြတ်ပါတယ်ဆိုတာကို ထောက်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၁။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက် အစီရင်ခံစာဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အလုပ်အမှုဆောင်ကော်မတီများ၏ ချီးမြှင့်ငွေ စရိတ်နှင့် အဆောင်အယောင်များကိစ္စ ကျွန်တော့်အနေနဲ့ အပြည့်အဝ ထောက်ခံပါတယ်လို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ ဆွေးနွေးချက်များဟာ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ကိုက်ညီပါတယ်။ အတည်ပြုဖို့ကို နောက်ထပ် ရက်သတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရဲ့ လစာနဲ့ပတ်သက်လို့ ဥပဒေမှာ သိန်း(၅၀)ပေးမယ် နိုင်ငံတော်သမ္မတက (၁၅)သိန်းပဲ ယူမယ်လို့ ညွှန်ကြားချက် ထုတ်ထားတာဟာ ဥပဒေနဲ့ မညီတဲ့အတွက် (၁၅)သိန်းကို ပြန်ချပြီးတော့ ဥပဒေပြုပေးရတာ ဖြစ်ပါတယ်။ သိန်း(၃၀) ဥပဒေပြုလို့ (၁၅)သိန်းပဲ ယူမယ်ဆိုတဲ့ နိုင်ငံတော်သမ္မတရဲ့ သဘောထားနဲ့ မကိုက်ညီတဲ့အခါမှာ ထပ်ပြီးတော့ ဥပဒေနဲ့မညီမှာစိုးလို့ ဒီလိုလုပ်ရတာကို ဦးဝင်းနောင် တို့၊ ဦးကျွန်ခဲန်း တို့ နားလည်သဘောပေါက်ဖို့ လိုပါတယ်။ ထပ်မြှင့်ဖို့လိုတယ်ဆိုရင် အစိုးရအဖွဲ့က ပြန်ပြီးတော့ တင်ပါလိမ့်မယ်။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၅၂) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၂း၅၂) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၅၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၂း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊

စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၅၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင် တွေကလည်း ဒီ ဝန်ကြီးနဲ့ ဒုတိယဝန်ကြီး ပေးထားတဲ့ စကေးအတိုင်း ဖြစ်သင့်ပါတယ်ဆိုတာ ဥပဒေကြမ်း ကော်မတီက ဆွဲထားတဲ့ တင်ပြချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၅၅။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစား အပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်၊ အစီရင်ခံချက်များဟာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များအတွက် အထူး သင့်လျော်ပါကြောင်း ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၂း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှစ်ဦးရဲ့ ဆွေးနွေးချက်များဟာ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံတင်ပြချက်ပါအတိုင်း ဖြစ်တဲ့အတွက် ဆုံးဖြတ်မယ့်ရက်ကို ထပ်မံသတ်မှတ်ပေးမယ်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၂း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း ၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၅၆။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီ Agenda မှာတော့ ကျွန်တော်က နည်းနည်းပြောချင်တာတွေလည်းများတော့ မလောက်ရင် အချိန်ပို နည်းနည်းပေးပါနော်၊ ကြိုတောင်းချင်လို့။ ကျွန်တော်တို့ ဒီ အခြေခံဥပဒေအသစ်နဲ့ ရွေးကောက်ပွဲကို ဝင်လာမယ့်အချိန်မှာ ကျွန်တော်တို့က ဥပဒေက အကုန်လုံး မထွက်သေးဘူး။ အခြေခံဥပဒေနဲ့ ပါတီဆိုင်ရာ ဥပဒေတို့၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတို့ပဲ ထွက်တော့ ကျွန်တော်တို့ လွှတ်တော်ထဲရောက်လာတဲ့အချိန်ကျတော့ ဥပဒေတွေက (၂၃)ခုလောက် ထပ်ပေးတဲ့ အချိန်ကျတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေ၊ ချီးမြှင့်ငွေ ဆိုင်ရာဥပဒေတွေ ကြည့်လိုက်တဲ့အချိန်ကျတော့ ကျွန်တော်က ဒီ ဝန်ကြီးလစာတွေနဲ့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ လစာ(၁၀)ဆလောက် ကွာတယ်။ အရမ်းအံ့သြသွားတယ်။ ဒါပေမဲ့ ကျွန်တော် တို့က အားလုံးက ဒီကိုရောက်လာတဲ့အချိန်မှာ ကျွန်တော်တို့ ပြည်သူတွေ အတွက်ပဲ အလုပ်လုပ်မယ်။ ဒီ နိုင်ငံတော်အတွက်ပဲ အလုပ် လုပ်မယ်။ နိုင်ငံတော် တိုးတက်ရာ တိုးတက်ကြောင်း တိုင်းရင်းသားတွေ ကျွန်တော်တို့နိုင်ငံ တည်ဆောက်ရေးပေါ့။ အဲဒီအတွက် အဓိက လုပ်မယ်ဆိုပြီးတော့ အားလုံးက ခံယူတဲ့အတွက်ကြောင့် ဒီဥပဒေတွေကို သိပ်မကျေမနပ် ဖြစ်ကြပေမယ့် ဘယ်သူမှ မပြောချင် ကြဘူး။ အခုက အစိုးရဘက်ကနေ Initiative ယူပြီးတော့ သူတို့က လက်ဦးမှု ယူပြီးတော့ ဒီဥပဒေကို ပြင်ဆင်မယ်ဆိုပြီးတော့ လုပ်လာတဲ့အချိန်ကျတော့ တော်တော်လေး ပြောဖို့ရာ အခွင့်ကောင်းဖြစ်လာ တယ်ပေါ့နော်။ ကျွန်တော်က ဒီမှာ တော်တော်လေး ဆွေးနွေးချင်တာ ရှိပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို အလွယ်အားဖြင့်ပေါ့၊ Law makers တွေ ပေါ့။ ဒီဥပဒေပြုသူတွေလို့ ခေါ်ပေမယ့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ အဓိကအလုပ်က (၃)ခုရှိပါတယ်။ (၁) မှာတော့ ဘာလုပ်လဲဆိုတော့ Representation ကျွန်တော်တို့ ပြည်သူတွေကို ကိုယ်စားပြုရမယ်။ ကျွန်တော်တို့ မဲဆန္ဒနယ်တွေကို ကိုယ်စားပြုရမယ်။ ဒီ Representation ဆိုတဲ့ စကားလုံးကို ကျွန်တော်တို့ အကျယ်ချဲ့မယ်ဆိုရင် တော်တော် နက်နက်ရှိုင်းရှိုင်းနဲ့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ အကျယ်ချဲ့လို့ရတယ်။ အများကြီး ပြောမယ်ဆိုရင်လည်း ဒီအချိန်မှာတော့ ကုန်မှာမဟုတ်ဘူး။ ဆိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဘယ်လောက်အတိုင်းအတာအထိ ကျွန်တော်တို့ ပြည်သူတွေကို ကိုယ်စားပြုနိုင်သလဲ။ ဒီ ကျွန်တော်တို့ရဲ့ ဒီ မဲဆန္ဒနယ်တွေကိုလည်း ဘယ်လောက်အထိ ကိုယ်စားပြုနိုင်သလဲဆိုတာကို ကျွန်တော်တို့ ဥပဒေကလည်း တော်တော်ဆိုင်တယ်။ ဥပဒေက ကျွန်တော်တို့ကို အခွင့်အရေးတွေပေးမှ ကိုယ်စားပြုတဲ့နေရာတွေမှာလည်း ပြေလည်နိုင်မှာ ဖြစ်ပါတယ်။ ဟိုတစ်ခါ ဦးမြင့်ထွန်း က ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးတော့ မဟုတ်ဘူး၊ အမျိုးသား လွှတ်တော်မှာ ထင်တယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက အာဏာတစ်စက်မှ မရှိဘူးလို့ ပြောသွားတာ ကြားပါတယ်။ ကျွန်တော်တို့ ဒီဥပဒေအရ ဆိုရင်ပေါ့နော်။ ကျွန်တော်တို့က နည်းနည်းဖိခံရတယ်လို့ ခံစားရတယ်။ လွှတ်တော် ကိုယ်စားလှယ်တွေ မလှုပ်နိုင်အောင်ပေါ့။ သူတို့ မလုပ်နိုင်အောင် ဖိထားတဲ့ ပုံစံမျိုးနဲ့တော်တော်လေးတူပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ချီးမြှင့်ငွေတွေကို ဥပဒေမှာ ပြဋ္ဌာန်းတဲ့အချိန်မှာလည်း ဝန်ကြီးတွေရဲ့ ချီးမြှင့်ငွေတွေထက် (၁၀)ဆ နိမ့်တယ်။ အဲဒါက ကျွန်တော်တို့ နိုင်ငံတကာမှာ ကြည့်မယ်ဆိုရင် ဘယ် တိုင်းပြည်မှာမှ ဒီလိုပုံစံရှိမယ်လို့ မထင်ဘူး။

အဲဒါကြောင့် ကျွန်တော်တို့ ကိုယ်စားပြု ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ပြည်သူတွေကို ကိုယ်စားပြုတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ ပြည်သူတွေကပေးတဲ့ Rank နဲ့ ပြည်သူ တွေကပေးတဲ့ Rights ပေါ့။ ဥပဒေက ပေးတဲ့ Rank နဲ့ ဥပဒေကပေးတဲ့ Rights အဲဒီလို ညီမျှအောင်ပေးတဲ့၊ ကျွန်တော် တို့ကိုပေးတဲ့ ဒီ Facility တွေပေါ့။ ချီးမြှင့်ငွေတွေလည်း ခံစားရမှာ ဖြစ်တယ်။ ကျွန်တော်တို့ ပြည်သူ တွေကပေးတဲ့ Rank တွေ၊ ပြည်သူက ပေးတဲ့ Rank အတိုင်း ကျွန်တော်တို့ မနေနိုင်ဘူး။ ကျွန်တော်တို့က ဆိုက်ကားစီးရတဲ့ဘဝ ဖြစ်နေတယ်။ အခု ကျွန်တော်တို့ ခံစားရတဲ့ ချီးမြှင့်ငွေတွေအတိုင်း ဆိုရင် ပေါ့နော်။ ဘယ်သူက လေးစားမှာလဲ။ ဆိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ သိက္ခာ မရှိဘူး၊ ဘယ်သူကမှလည်း မလေးစားဘူး ဆိုရင်လည်း ကိုယ်ရဲ့ ကိုယ် ကိုယ်စားပြုလာတဲ့ ပြည်သူတွေ၊ ကိုယ်စားပြုလာတဲ့ မဲဆန္ဒနယ်တွေ နိုင်ငံတော် တစ်ခုလုံးကို အလိုလိုနဲ့ နိမ့်ကျသွားတာပဲ။ ဒါကိုလည်း ကျွန်တော်တို့ စဉ်းစားရမယ့် တစ်ခုဖြစ်နေတယ်။ တခြားနိုင်ငံမှာ သွားတဲ့အချိန်သော် လည်းကောင်း၊ သွားလာတဲ့ အချိန်မှာသော်လည်းကောင်း ကျွန်တော်တို့ ကိုယ့်ရဲ့သိက္ခာနဲ့နေနိုင်တဲ့ စရိတ်တွေ ကျွန်တော်တို့ ရသင့်ပါတယ်။ ဘယ်လောက်ရယ်လို့ မပြောပါဘူးနော်။ ဒါ အများကြီး ရှိပါတယ်။

ကျွန်တော်တို့ Representation ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်က ပြည်သူလူထု ကို ကိုယ်စားပြုတယ်၊ မဲဆန္ဒနယ်ရှင်ကို ကိုယ်စားပြုတဲ့ အချက်အားဖြင့် ပြောမယ်ဆိုရင် ဒီ မေးခွန်း မေးတဲ့အချိန်၊ ဒီအဆိုတွေ ဘာတွေနဲ့လည်းဆိုင်ပါတယ်။ မေးခွန်းမေးတဲ့အချိန်မှာလည်း ကျွန်တော်တို့ Just to get Information အဖြေရဖို့ တစ်ခုတည်း မဟုတ်ဘဲနဲ့ ကျွန်တော်တို့ To Press for Action ပေါ့။ အစိုးရက လုပ်အောင်ပေါ့။ အဲဒီလိုပုံစံနဲ့ပေါ့။ ကျွန်တော်တို့ ပြည်သူတွေကို ကိုယ်စားပြုနိုင်ရမှာ ဖြစ်တယ်။ အခု ကျွန်တော်တို့ Rank က လုံးဝမတူဘူးဆိုတဲ့ ပုံစံမျိုး ဖြစ်နေတဲ့အခါကျတော့ ကိုယ်စားပြု မှုက မပီပြင်နိုင်ဘူး ဖြစ်နေတယ်။ အဲဒီကိစ္စတစ်ခုတည်း ပြောရရင်တော့ အရမ်းကြာမှာစိုးလို့ နောက် ကျန်တဲ့ Oversight တို့၊ Legislative တို့ ဒီကိစ္စတွေ သိပ်မပြောလိုတော့ပါဘူး။ ဆိုတဲ့အချိန်ကျတော့ ဒီလွှတ်တော် ကိုယ်စားလှယ်ရဲ့ အဓိက အလုပ်(၃)မျိုး ပေါ့နော်။ Representation ရယ်၊ ဒုတိယ အချက်က Oversight အစိုးရနဲ့ တခြားမဏ္ဍိုင်နှစ်ခုရဲ့ ဒီလုပ်ပုံကိုင်ပုံကို Oversight အမြင်နဲ့ ကြီးကြပ်ကွပ်ကဲတာ ကိုဘယ်လိုပြောမလဲ Check and Balance လုပ်ရမယ်။ နောက်တစ်ခုက Legislation ပေါ့။ ဥပဒေပြုရမယ်။ (၃)မျိုးမှာ ကျွန်တော်တို့ ဒီလွှတ်တော် ကိုယ်စားလှယ် တွေက တာဝန်ရှိပါတယ်။ ဒီကိစ္စကို အကျယ်တဝင့် သိပ်မပြောတော့ပါဘူး။ ချီးမြှင့်ငွေထဲမှာ ဝင်သွားပါမယ်။ ဆိုတဲ့အချိန်ကတော့ တခြားနိုင်ငံတွေမှာ ကိုယ်စားလှယ်တွေကို ဘယ်လိုပေးလဲဆိုတာကို လေ့လာ ကြည့်ရအောင်။

စောစောတုန်းက ပြောသလိုပဲ ကျွန်တော်တို့က အခြေခံဥပဒေကို အမေရိကန်ဥပဒေနဲ့ အနီးစပ်ဆုံးဖြစ်အောင် ဆွဲထား တာကို လေ့လာတွေ့ရှိရတယ်လို့ ကျွန်တော်ပြောပြီးပြီ။ ဆိုတော့ ကြည့်ရအောင်၊ ဒီ အမေရိကန်မှာ သူက ဝန်ကြီးတွေကို Secretaries လို့ ခေါ်ပါတယ်။ Department Head ပေါ့။ သူတို့က လစာ ဘယ်လောက်ရလဲဆိုရင်တော့ တစ်နှစ်မှာ (၁၇၅၇၀၀) ရတယ်။ ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ပေါ့၊ အထက်လွှတ်တော်၊ အောက်လွှတ်တော်ပေါ့နော်။ ကြည့်မယ်ဆိုရင် သူတို့လစာ ဘယ်လောက်ရလဲဆိုရင် တစ်နှစ်မှာ (၁၅၈၁၀၀) ရတယ်။ သိပ်မကွာဘူး။ အဲဒီတော့ လစဥ်နဲ့ ကျွန်တော်တို့ပြန်လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က တစ်လမှာ လွှတ်တော်

ကိုယ်စားလှယ်က (၁၃၁၇၅) ရပြီးတော့ Cabinet Minister က ဝန်ကြီးက (၁၄၆၄၁) ဒေါ်လာရတယ်။ သိပ်မကွာဘူး။ အဲဒါတွေ့ရတယ်။ ပြီးတော့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံ ကြည့်ရအောင်၊ ထိုင်းနိုင်ငံပေါ့။ ဖတ်လို့ ရတာ အောက်ဆုံးကနေအပိုဒ်နဲ့ ဒုတိယအောက်ဆုံးအပိုဒ်ပေါ့။ အဲဒီမှာ ရေးတာတွေ့ရတယ်။ ထိုင်းမှာ MP တစ်ဦးဟာ လစာမှာ (၇၁၂၃၀) ရပြီးတော့ Allowance မှာ (၄၂၃၃၀) ရတယ်။ အဲဒီနှစ်ခုကို ပေါင်းလိုက်လို့ရှိရင် (၁၁၃၅၆၀) ရတယ်။ ဝန်ကြီးတစ်ပါးက ဘယ်လောက်ရသလဲဆိုရင် (၇၂၀၆၀) ရတယ်။ ပြီးတော့ Allowance ဘယ်လောက်ရသလဲဆိုရင် (၄၁၅၀၀) ရတယ်။ ဒီနှစ်ခုကို ပေါင်းလိုက် လို့ရှိရင် (၁၁၃၅၆၀)ရတယ်။ ဆိုတဲ့အချိန်ကျတော့ ဝန်ကြီးတစ်ပါးရဲ့ လစာနဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ပါးရဲ့လစာ အတူတူပဲ။ Exactly the same ပဲ။ ဒီ ကျွန်တော်တို့ ထိုင်းနိုင်ငံမှာပေါ့နော်။ ကျွန်တော်တို့ရဲ့ အိမ်နီးနားချင်းနိုင်ငံမှာ ပေးတဲ့လစာပေါ့။ ဒီအမေရိကန်မှာ ပေးတဲ့လစာကို ကြည့်မယ် ဆိုရင်လည်း ဝန်ကြီးတစ်ပါးနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လစာက နည်းနည်းပဲကွာတာကို တွေ့ရ ပါတယ်။ အဲဒါကြောင့် အခု ဥပဒေကြမ်းကော်မတီက ရေးထားတဲ့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ လစာဟာဆိုရင် တော်တော်လေး သင့်မြတ်တဲ့အကြောင်းကို ထောက်ခံဆွေးနွေး ပါတယ်။ ပြီးတော့ ဒီအပြင်မှာ ကျွန်တော်တို့ လွှတ်တော်ပြည်သူတွေကို ကိုယ်စားပြုတဲ့ နေရာမှာသော် လည်းကောင်း၊ ဒီမဲဆန္ဒနယ်မြေကို ကိုယ်စားပြုတဲ့ နေရာမှာ သော်လည်းကောင်း ကျွန်တော်တို့ တခြားပေါ့၊ ဒီ Rank အရပေါ့နော်။ ကျွန်တော်တို့ကို Facility ပေးတဲ့ဟာတွေလည်း ရှိသင့်ပါတယ်။

ကျွန်တော်တို့ အိန္ဒိယမှာ ဟိုအရင်တစ်ခေါက် လေ့လာတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဝန်ကြီးဌာနတစ်ခုကို သွားတဲ့အချိန်မှာ အဲဒီဝန်ကြီးဌာနမှာရှိတဲ့ အကြီးဆုံးသော ပုဂ္ဂိုလ်က ဂိတ်ကနေလာကြိုပြီးတော့ သူက အကုန်လုံး လိုတဲ့ဝေယျာဝစ္စတွေအကုန်လုံး ကူညီပေးပြီး တော့ သူအဲဒီဂိတ်အထိ ပြန်ပို့ပေးရပါတယ်။ သူတို့နိုင်ငံမှာ လွှတ်တော်ကိုယ်စားလှယ်တွေကို သူတို့ ထိုက်ထိုက်တန်တန် အဲဒီလိုပဲ ပြုစုတယ်။ ကျွန်တော်တို့ဆီမှာတော့ ဒီလိုမျိုးကျွန်တော်တို့ရဲ့ Facility တွေ လုံးဝမရှိတဲ့အချိန် ကိုယ်စားပြုတဲ့နေရာမှာ မပီပြင်နိုင်ဘူး ဖြစ်ပါတယ်။ ဒါကြောင့် ဒီလစာက အစပေါ့ နော်။ ချီးမြှင့်ငွေကအစ ပြင်သင့်ပါကြောင်း ပြောရင်းနဲ့နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၇။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များရဲ့ ချီးမြှင့်ငွေနဲ့ စရိတ်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အစီရင်ခံစာကို ကျွန်တော် အပြည့်အဝ ထောက်ခံပါတယ်။ ကျွန်တော်အနည်းငယ် ဖြည့်စွက်ဆွေးနွေးချင်ပါတယ်။

ဒီဝင်ငွေခွန် ကောက်ခံမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များတို့ဟာ အားလုံး ကျေကျေနပ်နပ် ဝမ်းသာပြီးတော့ လက်ခံကြမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်နဲ့ ဒီ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့ လွှတ်တော်ပိုင်းကို ကျွန်တော် အနည်းအကျဉ်း ဆွေးနွေးချင်ပါတယ်။ အဆောင်အယောင်နဲ့ ပတ်သက်ရင် ကျွန်တော်တို့မှာ ဘာမှမရှိသလောက်ပဲ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ ကိုယ်စားလှယ် ဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေရဲ့ဆန္ဒကို သိအောင်၊ ပြည်သူတွေရဲ့ အခက်အခဲကို သိအောင်၊ နောက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်မှာ ဘာတွေလုပ်နေလဲဆိုတာ ပြည်သူတွေ သိအောင် အဲဒီအရေးကိစ္စအတွက် ပြည်သူနဲ့ တွေ့ဆုံပွဲတွေလုပ်တယ်။ အကြိမ်ကြိမ် အခါအခါ လုပ်ရတယ်။ အများကြီး လုပ်ရတယ်။ အဲဒါ ကျွန်တော်တို့ရဲ့ ရတဲ့လစာလေးထဲက စရိတ်စကနဲ့ တကယ် မှာဆိုရင် အဲဒီစရိတ်စကဟာ ကျွန်တော်တို့မှာ အများကြီး အကုန်အကျခံရပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့မှာ လွှတ်တော်ပိတ်ချိန် မဟုတ်လို့ နယ်မဆင်းရဘူး၊ ပြည်သူနဲ့ သွားမတွေ့ရဘူး ဆိုပေမယ့် လွှတ်တော် ဖွင့်တဲ့အချိန်မှာကျတော့ ကျွန်တော်တို့ရဲ့ တယ်လီဖုန်းခက ဒီ လွှတ်တော် ကိုယ်စားလှယ် မဖြစ်ခင်ကထက် အဆတစ်ရာလောက် ပိုကုန်ပါတယ်။ ဘာကြောင့်လည်း ဆိုတော့ ပြည်သူ တွေဟာ တိုက်ရိုက်မတွေ့နိုင်တဲ့ အချိန်မှာကျတော့ တယ်လီဖုန်းနဲ့ နောက်ပြီးတော့ သူတို့ရဲ့ ပြဿနာကို ကိုယ်က မရှင်းရင် ပြန်မေးရတာနဲ့ အဲဒီလိုနဲ့ ကျွန်တော်တို့မှာ တယ်လီဖုန်းခက အစ ကျွန်တော်တို့က ဘာမှမရှိဘူး။ နောက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်တက်လာတဲ့အချိန်မှာ လွှတ်တော်ဖွင့်တဲ့ အချိန်မှာ အိမ်မှာ နေရင်တော့ သတင်းမျိုးစုံ ကြားဖို့အတွက်၊ သိဖို့အတွက်တော့ လွယ်လွယ်ကူကူပဲ။ ဒီမှာကျွန်တော်တို့ လွှတ်တော်ထဲ ရောက်လာတဲ့အခါကျတော့ ကိုယ့်အဆောင်နဲ့ ကိုယ်နေပြီးတော့ ကိုယ့်မှာ ဘာမှမရှိရင် မရှိသလို၊ ရှိရင် နည်းနည်းပါးပါးရှိရင် ရှိသလိုနော် တီဗွီကအစ ဘာမှမရှိဘူး။ ဘာမှ ပေးထားတာမရှိဘူး။ ဒါအဆောင်အယောင်ထဲမှာ ကျွန်တော်တို့ ကြီးကြီး ကျယ်ကျယ်ရယ်လို့တော့ မဟုတ်ဘူး။ တကယ့် လွှတ်တော်ကိုယ်စားလှယ်တွေဟာ ထမ်းဆောင်ရမယ့် တာဝန်၊ ခုနက ဇုန်လှယ်ထန်း ပြောသွားသလိုပဲ။ Representative ဆိုတဲ့ အရည်အချင်းနဲ့ လိုအပ်ချက် ပြည့်ဝအောင် အများကြီး လိုသေးပါတယ်။

နောက် သူများနိုင်ငံမှာ ကလေးတစ်တန်း၊ ပထမတန်းကလေးကို ဘာလဲဆိုတော့ Tablet လိုဟာမျိုးတွေ ဝေပေးတယ်၊ ဝယ်ပေးတယ်။ ကျွန်တော်တို့ လွှတ်တော်မှာတော့ Laptop ကို တစ်လုံးမှ မပေးနိုင်ဘူး။ နောက်ပြီးတော့ Staff အနေနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့မှာ Staff မရှိတဲ့ အတွက်ကြောင့် ကိုယ့်ဟာကိုယ် Data ရှာ၊ ကိုယ့်ဟာကိုယ် စုဆောင်းပြီးတော့ စာလိုက်ရိုက်၊ ကံကောင်းရင်တော့ တစ်ခါတလေကျတော့ အကူအညီရတယ်။ အဲဒီတော့ အချို့က ဘယ်လောက် ပြောလဲဆိုတော့ ဒါရင်းနှီးတဲ့၊ အတွေ့အကြုံရှိတဲ့၊ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ လူငယ်တစ်ယောက် က ကျွန်တော့်ကို ဆွေးနွေးဖူးတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကို သူ့ ကြည့်ရတာ နိုင်ငံတကာနဲ့ သွားတဲ့အခါကျရင် မျက်နှာငယ်တဲ့ သဘောမျိုးရှိတယ်။ ကိုယ့်ကိုယ်ကို မယုံတဲ့ သဘောမျိုးရှိတယ်။ နောက် ကျွန်တော်ကလည်း ပြန်ရှင်းပြပါတယ်။ ဒါ အတွေ့အကြုံအရသော်

လည်းကောင်း၊ ကျွန်တော်တို့မှာ Facility နဲ့ ပတ်သက်ပြီးတော့ မပြည့်စုံတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ အားငယ်မှု အများကြီးရှိတယ်။ မပြည့်စုံမှု အများကြီးရှိတယ်။ အဲဒါကို ကျွန်တော် ပြန်ရှင်းပြတဲ့အခါ ကျတော့ သူတို့လည်း လက်ခံပါတယ်။ အားမရချင်ဘူး။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ကတော့ ဒီ Facility ကိုတော့ မတောင်းသေးပါဘူး။ အခု ကျွန်တော် တောင်းဆိုချင်တဲ့သဘောနဲ့ တင်ပြတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ကိုယ့် ကြိုးစားမှုနဲ့ကိုယ်၊ ကိုယ့်စရိတ်နဲ့ကိုယ် ရသမျှလခ၊ ရသလောက်လခနဲ့ ကျွန်တော်တို့ အလုပ်လုပ်နေ ပါတယ်။ ကျေကျေနပ်နပ် အလုပ်လုပ်နေပါတယ်။ ဒါကို ကျွန်တော် တင်ပြရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ထူးဆန်းတဲ့အချက်တစ်ချက် ကျွန်တော်က ဘာတွေ့လဲဆိုတော့ ကျွန်တော်တို့ Facility တို့၊ အဆောင်အယောင်တို့ မပေးတာ ထားဦးတော့။ ဟောဒီမှာ ပြည်ထောင်စုအင်္ဂါစဉ် ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ ကြည့်လိုက်ရင် အားလုံးအင်္ဂါစဉ်က (၃၆)ခု ရှိတယ်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တွေ မပါ။ မပါ။ ဥပဒေကြမ်းကော်မတီ ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီပါတယ်။ လွှတ်တော်အခွင့်အရေး ကော်မတီပါတယ်။ အင်္ဂါစဉ် (၂၄)(၂၅)(၂၆)(၂၇)မှာ အစိုးရအာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ပါတယ်။ ကျန်တဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တွေ မပါဘူး။ အဲဒါ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အတွေ့အကြုံကို တစ်ယောက်နဲ့ တစ်ယောက် ဆွေးနွေးတင်ပြကြတဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်က ပြောတယ်။ ဘာကြောင့်လဲမသိဘူး။ သူ့နယ်သူ ရောက်သွားတာ ဟိုမှာ အစည်းအဝေး လုပ်တယ်။ မြို့နယ်မှာ သူက သူ့ကို ဘယ်နေရာထားမှန်းလည်း သူမသိ၊ ဟိုကလည်း မထားပေး၊ အဲဒီတော့ သူနောက်မှာ ထိုင်တယ်။ ဘာကြောင့်လည်း။ အင်္ဂါစဉ်မှာ မပါတဲ့အခါကျတော့ ဝန်ထမ်း တွေက ဒီလွှတ်တော်ကိုယ်စားလှယ်ကို ရှေ့မှာထိုင်ပါလုပ်ရင်၊ နိုင်ငံရေးနဲ့ ပတ်သက်ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်တွေက နိုင်ငံရေးသမားတွေချည်းပဲ။

နိုင်ငံရေးနဲ့ပတ်သက်တယ်လို့ အစွပ်အစွဲခံရမှာလည်း ခပ်ကြောက်ကြောက်၊ ရှင်းရှင်းပြော ရမယ်ဆိုရင်။ ကျွန်တော်တို့ လူမျိုးကျတော့ ရတယ်။ ကိုယ့်နယ် ကိုယ်ရောက်သွားရင် လူတိုင်း ငယ်ငယ်ကတည်းက သိနေတဲ့ လူတွေချည်းပဲ များတယ်။ အမြင့်ဆုံးနေရာမှာ တက်ထိုင်လိုက်ရင်ပြီးပြီ၊ ကျွန်တော်ကတော့။ ဒါပေမဲ့ ကျွန်တော့်လို ဒါက ကျွန်တော်က လူမှုရေးအရ အဲဒီလို ရှိတယ်လေ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်မှာကျတော့ တရားဝင် အင်္ဂါစဉ်ထဲမှာပါဖို့ အင်မတန် လိုအပ် ပါတယ်။ နောက်ပြီးတော့ ဒီမှာကြည့်လိုက်ရင် အင်္ဂါစဉ်ထဲမှာ အဆင့်(၃၆)မှာ ကာကွယ်ရေးဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူးများ ပါတာကို ကျွန်တော် ကန့်ကွက်တာ မဟုတ်ဘူး။ ဒီညွှန်ကြားရေးမှူး တွေ ဟာ ဝန်ထမ်း၊ ညွှန်ကြားရေးမှူးအဆင့်ဆိုတာ မမြင့်သေးတဲ့ အဆင့်ပဲ။ ညွှန်ကြားရေးမှူးချုပ်၊ ခုနက ဦးဇုန်လှယ်ထန်း ပြောသလို အကြီးဆုံးက ညွှန်ကြားရေးမှူးချုပ်တောင်မှ တံခါးဝမှာ လာကြိုဆိုတယ်။ တံခါးဝအထိ ပြန်ပို့တယ်။ အဲဒီအဆင့်အထိ ရှိတယ်။ ညွှန်ကြားရေးမှူးချုပ်တွေဟာ။ ဒါဟာ ဒီမိုကရေစီနိုင်ငံပါ။ ကျွန်တော်တို့နိုင်ငံမှာကတော့ အဲဒီ ညွှန်ကြားရေးမှူးအဆင့်တောင် လွှတ်တော် ကိုယ်စားလှယ်က မရှိဘူးဆိုတော့ လေးစားမှု၊ ယုံကြည်မှု၊ ပြည်သူတွေရဲ့ ကိုယ်စားလှယ်ကို တန်ဖိုး ထားမှု ဒီနေရာမှာ အားနည်းတယ်လို့ ကျွန်တော် မြင်ပါတယ်။

နောက်ပြီးတော့ ဒီအင်္ဂါစဉ်ထားတဲ့ နေရာမှာလည်းပဲ ဥပမာ - ဒုတိယဝန်ကြီးများနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရဝန်ကြီးများဟာ တန်းတူရှိတယ် ဆိုပြီးတော့ ဒုတိယဝန်ကြီးများဟာ (၂၉)မှာ ရှိပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ အဖွဲ့ဝင်များဟာ (၃၅)မှာ သွားရှိတယ်။ တူတယ် ဆိုပေမယ့် အဆင့်ကတော့ (၅)ဆင့်လောက်၊ (၆)ဆင့်လောက် ကွာသွားတယ်။ အဲဒီ အထားအသိုက အစ နောက်ပြီးတော့ ဒီ ပြည်နယ်ဝန်ကြီးတွေဟာ အားလုံးနီးပါး ပြည်သူ့ကိုယ်စားလှယ်တွေ ဖြစ်တယ်။ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီး၊ ပြည်နယ်ဝန်ကြီးတွေဟာ အားလုံးနီးပါး ပြည်သူ့ ကိုယ်စားလှယ်တွေ ဖြစ်တယ်။ အဲဒီတော့ ပြည်သူ့ကိုယ်စားလှယ်ကို တန်ဖိုးထားပြီးတော့၊ ပြည်သူ တွေကို လေးစားပြီးတော့၊ ပြည်သူ့ကိုယ်စားလှယ်တွေ ဒီအင်္ဂါစဉ်မှာ ထိုက်တန်တဲ့အဆင့်နဲ့ သတ်မှတ်ပေးဖို့ ဒါကို ကျွန်တော် တစ်ခု အကြံပြုပါတယ်။ နောက်ပြီးတော့ တိုင်းဒေသကြီးနဲ့ ပတ်သက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကို လည်းပဲ တိုင်းဒေသကြီးအဆင့်နဲ့ ကိုက်ညီအောင် အင်္ဂါစဉ် သတ်မှတ်ပေးဖို့ ဒါလည်း ကျွန်တော် အကြံပြုရင်းနဲ့ လေးစားစွာဖြင့် နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၈။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ အေးချမ်းကြပါစေလို့ ကျွန်မ မေတ္တာ ပို့ရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မလည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနဲ့ စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းမှာ ကျွန်မက ကျန်တဲ့ ပုဂ္ဂိုလ်တွေ ဆွေးနွေးသွားသလိုပဲ ကျွန်မလည်း အဲဒီခေါင်းစဉ် အောက်မှာပဲ ကျွန်မက ဆွေးနွေးမှာ ဖြစ်ပါတယ်။

ကျွန်မ စောစောက ပြောသလိုပဲ ကျွန်မကတော့ ငွေကြေးနဲ့ ချီးမြှင့်ငွေနဲ့ ပတ်သက်တာကို ဒီလောက်မဟုတ်ဘဲနဲ့ အကြောင်းအရာကို ကျွန်မ ခြုံငုံသုံးသပ်ပြီးတော့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်မတို့က ထောက်ခံမှာဖြစ်တဲ့အတွက် ထောက်ခံမယ်ဆိုလို့ရှိရင် ဘာဆွေးနွေးစရာလိုလဲလို့ ပြောစရာရှိပါတယ်။ သို့သော်လည်း ပိုပြီးတော့ လေးနက်စေချင်တဲ့ဆန္ဒနဲ့ ကျွန်မတို့က ဆွေးနွေးတာ ဖြစ်ပါတယ်။ ပထမ ကျွန်မတို့ ပြည်ထောင်စုအဆင့်ဆိုတာကို ဆွေးနွေးခဲ့ကြဖူးပါတယ်။ အဲဒီတုန်းက ကျွန်မတို့ကို ဝေဖန်ခံခဲ့ရပါတယ်။ ဘယ်လိုလဲဆိုတော့ ကျွန်မနားအကြား၊ ကျွန်မရှေ့မှာတင်ပဲ အန်တီဝိုင်းတို့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူလူထုတွေ ရေထဲမှာ ဒုက္ခရောက်နေတဲ့ အချိန်မှာ ပြည်ထောင်စုအဆင့်ကိုပဲ ဇွတ်အတင်း တောင်းဆိုနေကြတယ် ဆိုပြီးတော့ ပြောတာကို ကျွန်မ ခံခဲ့ရတယ်။ နောက်တစ်ခါကျတော့လည်း လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ဟာ ပြည်သူလူထုနဲ့ တွေ့ဖို့၊ မဲဆန္ဒရှင်တွေနဲ့တွေ့ဖို့ သွားတဲ့အခါမှာ ငွေကြေးတစ်စုံတစ်ရာ သုံးစွဲဖို့ လိုအပ်တယ်။ အကုန်အကျ

ရှိတယ်လို့ ဆိုပြီးတော့ အပေါ်မှာ၊ ဂျာနယ်တစ်စောင်မှာ သရော်ထားတာကို ကျွန်မ ဖတ်ရတော့ နှစ်ခုစလုံးအပေါ်မှာ တော်တော်လေး ရင်ထဲမှာ ကြေကွဲပါတယ်။ ကျွန်မ စိတ်မကောင်းဖြစ်ပါတယ်။

တစ်ကြိမ်မှာလည်း ကျွန်မ မြောက်ဥက္ကလာပမှာ အဲဒါကို ရှင်းပြရင်းနဲ့ မျက်ရည်တောင်ကျဖူးပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ ပြည်ထောင်စုအဆင့်ဆိုတာကို ပြောတုန်းကလည်း၊ ဆွေးနွေးကြ၊ တောင်းဆိုကြတုန်းကလည်း ကျွန်မတို့က ပြည်သူ့အတွက်ပါ။ ကျွန်မတို့အတွက် မဟုတ်ဘူး။ ကျွန်မတို့ ပြောတဲ့အထဲမှာလည်း ကျွန်မတို့ အဲဒါတွေကို ရှင်းလင်းပြီး ပြောပြသွားပါတယ်။ နောက်တစ်ခါ ပြည်သူတွေဆီ သွားတယ်ဆိုတာကလည်း ကိုယ့်အတွက် မဟုတ်ဘူး။ ပြည်သူတွေအတွက်၊ နောက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နောက်က ပြည်သူကရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေ ကျေပွန်ဖို့ ကျွန်မတို့က အသိစိတ်ဓာတ်အပြည့်နဲ့ သွားကြလာကြတဲ့အခါမှာ စိတ်သွားတိုင်း ကိုယ်ပါနိုင်ဖို့ အတွက်ကတော့ လိုအပ်တာတွေ အများကြီး ရှိပါတယ်။ အခု ကိုယ်စားလှယ်တွေ တင်ပြသွားသလိုပဲ ဘယ်နိုင်ငံမှာ၊ ဘယ်နိုင်ငံမှာဆိုတော့ ကျွန်မတို့ သွားတဲ့အခါမှာ နိုင်ငံတော်တော်များများ ရောက်ခဲ့ပါတယ်။ အင်မတန်လည်း သူတို့ ပြောသလိုပဲ၊ ယှဉ်ပြီးပြောမယ်ဆိုလို့ရှိရင်တော့ နည်းနည်းလေး မျက်နှာငယ်စရာ အကြောင်းလေးတွေ ရှိပါတယ်။ သို့သော်ငြားလည်းပဲ ကျွန်မတို့က ဒါကျွန်မတို့ ပြန်လည်ထူထောင်စ နိုင်ငံတစ်နိုင်ငံအနေနဲ့ ကျွန်မတို့တွေက ပြည်သူလူထုရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်၊ စားဝတ်နေရေးတွေ ပြေလည်ဖို့အတွက် နောက် မူဝါဒ သဘောတရားတွေ ချတဲ့နေရာမှာ ကျွန်မတို့ တတ်နိုင်တဲ့ဘက်ကနေပြီးတော့ စေတနာ၊ မေတ္တာနဲ့ အားသွန်ခွန်စိုက် တတ်နိုင်သလောက်တော့ လုပ်မယ်ဆိုပြီး ကျွန်မတို့က ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။

အဲဒီအခါမှာ သူများနိုင်ငံတွေကို သွားတဲ့အခါမှာ သူတို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ကိုယ်ပိုင်ရုံးခန်းတွေ ရှိတယ်။ ကိုယ်ပိုင် Staff တွေရှိတယ်။ ကိုယ်ပိုင် စက်ပစ္စည်း ကိရိယာတွေရှိတယ်၊ စသည်ဖြင့်ပေါ့နော်၊ ပံ့ပိုးတဲ့သူတို့လိုချင်လို့ရှိရင် Data တွေ၊ အချက်အလက်တွေ ချက်ချင်းရှာပေးမယ့် ဟာတွေကို သူတို့ စီစဉ်ထားတယ်။ အကုန်ရှိတယ်။ သို့သော်လည်း ဒီမှာတော့ ကျွန်မတို့မှာ ဘာမှ အဲဒီလောက်ကြီးအထိ မျှော်လင့်ချက် အဲဒီလောက်ကြီးအထိ ပံ့ပိုးပေးတာ ကျွန်မတို့ ဘာမှမရှိပါဘူး။ အဲဒီတော့ ပြည်သူလူထုနဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့က အမြဲထိတွေ့နေနိုင်မှသာလျှင် ပြည်သူလူထုကလည်း အသိအမြင်တွေ နိုးကြားမယ်။ နောက်ပြီးတော့ နိုင်ငံတော်က ဘာတွေလုပ်နေတယ်ဆိုတာကို သိမယ်။ ကိုယ်စားလှယ်တွေကလည်း ပြည်သူလူထုတွေ ဘယ်လို ဖြစ်နေတယ်ဆိုတာကို ကျွန်မတို့ လေ့လာပြီးတော့မှ သူတို့ရဲ့ ဘဝတွေကို ကျွန်မတို့က လွှတ်တော်မှာ လာပြီးတော့ တင်ပြမယ်၊ ဆွေးနွေးမယ်၊ တောင်းဆိုမယ်။ အဲဒီလိုတွေ ကျွန်မတို့က အညမည အပြန်အလှန်နဲ့ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

သို့သော်ငြားလည်းပဲ ကျွန်မတို့က ပြည်သူတွေဆီကို ဆင်းချင်တယ်။ ဆင်းချင်တဲ့အခါကျတော့ ကျွန်မတို့မှာ လုံလောက်တဲ့အချိန်၊ လုံလောက်တဲ့ အခြေအနေ၊ လုံလောက်တဲ့ငွေကြေး စသည်ဖြင့် လိုအပ်တာဖြစ်သလို သူတို့က ကျွန်မတို့ကို တွေ့ချင်လို့ရှိရင်လည်း ဒီလိုပဲ အပြန်အလှန် လိုအပ်ကြတာ ဖြစ်ပါတယ်။ အခုကျွန်မတို့ တချို့နေရာတွေ ကို သွားတဲ့အခါမှာ ပြည်သူလူထုတွေမှာ သူတို့ ငွေကြေးလည်း ချို့တဲ့တယ်။ နောက်ပြီးတော့ ဗဟုသုတလည်း ချို့တဲ့တယ်။ နောက် အဆက်အသွယ်လည်း ရှားပါးတယ်ဆိုတဲ့အခါကျတော့ တွေ့ပင်တွေ့ချင်ငြားသော်လည်း၊ သူတို့ရဲ့

အဖြစ်သနစ်ကို ပြောပြချင်သော်လည်း၊ တင်ပြချင်သော်လည်း၊ အကူအညီ တောင်းချင်သော်လည်း သူတို့မှာ အခက်အခဲတွေ အများကြီးရှိတယ်။ အဲဒီတော့ ကျွန်မတို့က တကယ်လို့များ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ သို့မဟုတ် အစောက ပြောသလိုပေါ့ နေရာအသီးသီးမှာအခု ဥပဒေပြုအာဏာကို ကိုင်စွဲပြီးတော့၊ ဥပဒေပြုခွင့်ကို ကိုင်စွဲပြီးကျင့်သုံးနေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ မိမိဒေသကိုရောက်သွားတဲ့ အခါမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုအတွက် ဆောင်ရွက်နိုင်ဖို့ ကျွန်မတို့မှာ ရုံးခန်းလေး တစ်ခန်းများ ရှိခဲ့လို့ရှိရင် ပိုပြီးတော့ အဆင်မပြေနိုင်ဘူး လားလို့ ဒါဟာ ဒီလိုရှိပါတယ်။ အဲဒီတော့ တကယ်လို့သာ ကျွန်မတို့မှာ ရုံးခန်း လေး တစ်ခန်းရှိခဲ့ရင် ဒါကတော့ လွှတ်တော်ကိုယ်စားလှယ် ဦးဗညားအောင်မိုး ရဲ့ ရုံးခန်း၊ ဒါက ဒေါ်ခင်ဝိုင်းကြည်ရဲ့ ရုံးခန်း၊ ဒါကတော့ ဦးဇုန်လှယ်ထန်း ဆိုပြီး ရှိခဲ့တယ်ဆိုလို့ရှိရင် ပြည်သူလူထုက အဲဒီဟာကို သိတဲ့အခါမှာ လာပြီးတော့ သူတို့လိုအပ်တဲ့ဟာကို အကြံဉာဏ်တောင်းတာတွေ၊ သူတို့ဆန္ဒတွေ တင်ပြတာတွေ၊ သူတို့ ရင်ဖွင့်စရာရှိတာတွေ၊ တိုင်တန်းစရာ ရှိတာတွေ၊ အကူအညီ တောင်းစရာ ရှိတာတွေကို ကျွန်မတို့က အလွယ်တကူနဲ့ အဲဒီရုံးခန်းလေး ကနေပြီးတော့ ဒီနေရာလေး၊ ဒီဆုံရပ်လေး ကနေပြီးတော့ ကျွန်မ တို့က ဆောင်ရွက်ပေးလို့ရတယ်။

နောက်တစ်ခုကျတော့ ကျွန်မတို့ကို ဖုန်းနဲ့ ဆက်ပြီးတဲ့အခါကျတော့မှ မေတ္တာရပ်ခံတာတွေ ရှိတယ်။ ဘာတွေလဲဆိုတော့ ကျွန်တော်တို့နေရာက လွှတ်တော်ကိုယ်စားလှယ်နဲ့ အထိအတွေ့ အင်မတန် နည်းတယ်။ ကျွန်တော်တို့ ကြားပါရစေ၊ မြင်ပါရစေ လာပြီးတော့ ဟောပေးပါဆိုတဲ့အခါ ကျတော့၊ ပြောပေးပါဆိုတဲ့အခါကျတော့ ကျွန်မတို့က ဘယ်ရပ်ကွက်လဲ၊ ဘယ်လဲ၊ ဒါကတော့ အခြေအနေတွေ အကုန်လုံးထဲကနေ တာဝန်ထဲကနေပြီးတော့ ရက်ကိုမျှပေးတဲ့အခါကျတော့ ကျွန်မတို့ ကြည့်တဲ့အခါ မှာ ဘယ်ရက်၊ ဘယ်ရက်ကိုဆိုတော့ ရက်ကို၊ အချိန် အခါကို ပေးနိုင်ငြားသော်လည်း အခြေအနေ ကိုက သူတို့ကိုယ်တိုင်ကိုက ကျူးကျော်မှာနေကြတဲ့၊ လမ်းဘေးမှာနေတဲ့ ဘယ်လိုနေရာ မှာမှ ကျွန်မကို ဧည့်ခံစရာနေရာမရှိတဲ့ အလွှာက ဖြစ်နေတဲ့အခါကျတော့ကာ ကျွန်မက ကဲအဲဒါဆိုရင် တော့ သင့်လျော်တဲ့နေရာလေးမှာ အမိုးလေးနဲ့ ထိုးလိုက်၊ ထိုးပြီးတဲ့အခါကျတော့ အအေးလေး ဖျော်လိုက်၊ ခုံလေးတွေကိုငှားလိုက်၊ ဟိုဟာလုပ်လိုက် ဆိုပြီး ကျွန်မတို့က၊ လွှတ်တော်ကိုယ်စားလှယ် တွေက အဲဒီလိုလူတွေအတွက် စေတနာ၊မေတ္တာအပြည့်နဲ့ ကျွန်မတို့ဒါ အပြန်အလှန် နားထောင်နိုင်ဖို့၊ ဆောင်ရွက်ပေးနိုင်ဖို့ အဲဒီလိုလေးတွေ စီရင်ပေးရတာတွေရှိတယ်။

အဲဒီတော့ကာ ကျွန်မတို့ ပါတီတွေမှာလည်း ချမ်းသာတဲ့ပါတီ၊ ပြည့်ဝတဲ့ပါတီ၊ ပြည့်စုံတဲ့ ပါတီ၊ ချို့တဲ့တဲ့ပါတီ၊ နောက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်မှာလည်း လွှတ်တော်ကိုယ်စားလှယ်လို့ ကျွန်မတို့ အရွေးခံလာပေမယ်လို့ ပြည့်စုံတဲ့ လွှတ်တော်ကိုယ်စားလှယ်ရှိတယ်။ မပြည့်စုံတဲ့ လွှတ်တော် ကိုယ်စားလှယ်ရှိတယ်။ အခံကောင်းတာ ရှိတယ်။ အခံမကောင်းတာ ရှိတယ်။ အဲဒီအခါကျတော့ ကျွန်မတို့ ပြည်သူလူထုအတွက် ဆောင်ရွက်ပေးတဲ့အခါမှာ တကယ် စေတနာ၊ မေတ္တာ အပြည့်အဝ ရာနှုန်းပြည့် ချမ်းသာသော်လည်းပဲ တကယ်စိတ်သွားတိုင်း ကိုယ်ပါအောင် လုပ်နိုင်ဖို့ဆိုတာကတော့ တခြား ပံ့ပိုးပေးမယ့်ဟာတွေ လိုအပ်သေးတယ်။ အဲဒီတော့အခု ကျွန်မတို့ကို ချီးမြှင့်ထားတဲ့ ချီးမြှင့်ငွေ သည် တကယ်တမ်းကျတဲ့အခါကျတော့ ကျွန်မတို့ အခုလို စိတ်သွားတိုင်း ကိုယ်ပါနိုင်ဖို့၊ ပြည်သူလူထု တွေနဲ့ ထိတွေ့နိုင်ဖို့၊ ပြည်သူလူထုတွေရဲ့ဘဝကို ကျွန်မတို့က ထဲထဲဝင်ဝင် တကယ်လေ့လာနိုင်ဖို့

အတွက်ကတော့ တော်တော်လေး ဘယ်လိုမှ အခြေအနေ မပေးတဲ့ဟာလေး ဖြစ်တယ်။ ဖြစ်တဲ့အပြင် တကယ်တမ်းကျတော့ အစောကကျွန်မပြောတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၇ မှာပါတဲ့အတိုင်း သတ်မှတ်ထားတာလေးတွေရှိတယ်။

နောက်တစ်ခါ ကျွန်မတို့ ဒီကျွန်မတို့ရဲ့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ ဝေဖန်သုံးသပ်ပြီး တင်ပြထားတာ ရှိပါတယ်။ အဲဒါကတော့ အပိုဒ်၂ က အပိုဒ်ခွဲ(စ)မှာ အကြောင်းရင်းများကို သူက လေ့လာသုံးသပ်ထားပါတယ်။ အဲဒီမှာ ဤဥပဒေကြမ်းနှင့် အကျုံးဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေများကို လက်ရှိထက် တိုးမြှင့်ခံစားခွင့်ပြုသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ တိုးမြှင့်ခံစားခွင့်ပြုထိုက်သည့် အကြောင်းအရင်းများကို လေ့လာသုံးသပ်ရာ၌ ဆိုပြီးတော့ သူက အချက်(၇)ချက် ဒီအထဲမှာ လေ့လာသုံးသပ်ပြီးတော့ တင်ပြထားပါတယ်။ အဲဒီအချက်(၇)ချက်ထဲက လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေး အဆင့်မြင့်တာဝန်ကို ထမ်းဆောင်နေရခြင်း ဆိုပြီးတော့ ထိပ်ဆုံးမှာ ထားတယ်။ အဲဒီတော့ ကျွန်မတို့မှာက လူရှိတယ်၊ မူရှိတယ်၊ နောက်သဘောတရားရှိတယ်၊ လက်တွေ့ရှိတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များသည် ဒီမှာမူတွေ၊ သဘောတရားတွေ၊ ဥပဒေတွေကို ကျွန်မတို့က ပြုစုပြီးတဲ့အခါကျတော့မှ၊ ပြဋ္ဌာန်းပြီးတဲ့အခါကျတော့မှ တကယ်ကျန်တဲ့ အဖွဲ့အစည်းထဲက နေပြီးတော့ ဒါတွေကို ဒီချမှတ်လိုက်တဲ့ မူတွေ၊ သဘောတရားတွေ၊ ဥပဒေတွေကို လက်တွေ့ အကောင်အထည် ဖော်ကြတာဖြစ်တော့ မူတွေ ချမှတ်ပေးနေတဲ့၊ ဥပဒေ ရေးဆွဲနေတဲ့ အဖွဲ့အစည်း။ ဒီဟာကို တာဝန်ထမ်းဆောင်နေခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၇ ထဲမှာပါတဲ့ ကျွန်မတို့ အဖွဲ့အစည်းသည်လည်းကောင်း၊ လူပုဂ္ဂိုလ်သည်လည်းကောင်း ကျွန်မတို့ ဒါ အင်မတန် နိုင်ငံတော်အဆင့်မှာပဲ တကယ်တမ်းကျတော့ တော်တော်လေး အရေးပါတဲ့နေရာမှာ၊ အရေးကြီးတဲ့ နေရာမှာ ရှိပါတယ်။ အဲဒီတော့ အင်မတန်ကောင်းမွန်တဲ့ ဥပဒေတွေ၊ သင့်တင့်တဲ့ ဥပဒေတွေ၊ နိုင်ငံတော်နဲ့ ပြည်သူလူထုနဲ့ သဟဇာတဖြစ်တာတွေ ထွက်လာနိုင်ဖို့အတွက် ကျွန်မတို့က တကယ် လက်တွေ့ကျကျ အကုန်လုံး တာဝန်ကျေပွန်စွာနဲ့ ဆောင်ရွက်နိုင်မှသာလျှင် တကယ်တမ်း မူဝါဒ သဘောထားတွေရော၊ ဥပဒေ တွေရော၊ ကျန်တဲ့ ကျွန်မတို့ ဆွေးနွေးတင်ပြချက်တွေရောက တကယ်ကို ထိထိရောက်ရောက်နဲ့ မှန်မှန်ကန်ကန် လွှတ်တော်ထဲကို ရောက်လာနိုင်မှာ ဖြစ်ပါတယ်။

အဲဒီတော့ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်တာရယ်၊ ဖြစ်နေတာရယ်၊ ဖြစ်သင့်တာရယ်၊ ဖြစ်သင့်တာကိုလည်း နိုင်ငံတော်အနေနဲ့ စဉ်းစားသင့်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(ဃ)မှာတော့ တကယ်လိုအပ်တဲ့ ဟာဆိုလို့ရှိရင် တိတိကျကျ ထိထိရောက်ရောက် ဖြစ်စေဖို့ ဥပဒေပြဋ္ဌာန်းသင့်တယ်လို့ ပါပါတယ်။ နောက်ပြီးတော့ အဲဒီပုဒ်မ ၄၈ မှာလည်း တကယ်လို့ ဥပဒေပြဋ္ဌာန်းတယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူများကိုတော့ လက်မလွှတ်သင့်ဘူးဆိုတာ အဲဒါလည်း ပါထားပြီးသား ဖြစ်ပါတယ်။ အဲဒီတော့က ကျွန်မတို့ တကယ်ပဲ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်နေတဲ့ ပြည်သူလူထုတွေရဲ့ လူမှုစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးကို တကယ် လက်တွေ့ကျကျ ဆောင်ရွက်နေတဲ့ ကျွန်မတို့က စိတ်ရော၊ ကိုယ်ရော နှစ်ခုစလုံး လွှတ်တော်ထဲမှာရော၊ လွှတ်တော်အတွင်းရော၊ လွှတ်တော်ပြင်ပရော အကုန်လုံးဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်များအတွက် အခုကျွန်မတို့ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့အတိုင်း ကျွန်မတို့က တစ်သွေ

မတိမ်း လိုက်နာပြီးတော့ အခွန်အကောက်တွေကို ကျွန်မတို့ပေးဖို့ရာ ဝန်မလေးသလိုပဲ၊ ကျွန်မတို့ဘက်က အဆင်သင့်ရှိသလိုပဲ နိုင်ငံတော်ကလည်း ကျွန်မတို့ရဲ့ စွမ်းအင်တွေ၊ စွမ်းရည်တွေ၊ ကျွန်မတို့ရဲ့ဆောင်ရွက်နိုင်တဲ့ စွမ်းအင်တွေဟာ ကျွန်မတို့လုပ်အားတွေ ထိရောက်စေဖို့အတွက် လိုအပ်တဲ့ ပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်မက ဒါ မေတ္တာရပ်ခံချင်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမား၊ နိုင်ငံတော်ဟာလည်း တစ်ခုနဲ့တစ်ခု အညမည အကုန်ဆက်သွယ်နေတာ ဖြစ်တဲ့အတွက် တစ်ခုကိုတစ်ခု ပံ့ပိုးပေးမှသာလျှင် အကုန်လုံး ပြေပြစ်တယ်၊ ချောမွေ့တယ်၊ ကုန်ထုတ်စွမ်းအားတွေ တိုးမြှင့်တယ်။ တကယ်စီးပွားရေးတွေ တိုးတက် တယ်။ အဲဒီလိုပဲ ကျွန်မတို့ နိုင်ငံရေးမှာလည်း ကျွန်မတို့ တစ်နိုင်ငံလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အားလုံးအတွက် နောင်လာမယ့် အနာဂတ်အတွက် အကုန်လုံး လိုအပ်တဲ့၊ ဆောင်ရွက်နေတဲ့ ကျွန်မတို့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ အခု ကျန်တဲ့ အကုန်လုံး ဒီအထဲမှာ ပါသမျှအားလုံးအတွက် ကျွန်မတို့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ဒီလေ့လာသုံးသပ်ချက်များအရ တင်ပြထားတဲ့ အစီရင်ခံစာ အပေါ်မှာ ကျွန်မက အလေးအနက် ထောက်ခံဆွေးနွေးပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၂၈။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ကျွန်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဥပဒေကြမ်းပြင်ဆင်ချက်အပေါ် လေ့လာသုံးသပ်စိစစ်ချက် အစီရင်ခံစာ အပေါ်မှာ ကျွန်တော် ထောက်ခံဆွေးနွေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ လွှတ်တော် လစာတိုးရေးကိစ္စနဲ့ ပတ်သက်တဲ့ကိစ္စကို ကျွန်တော်တို့ လွှတ်တော်မှာ ဆွေးနွေးတဲ့အခါမှာ ပြည်သူပြည်သားများနဲ့ တချို့လွှတ်တော်များကတော့ ဘယ်လို ပြောသလဲဆိုတော့ တလွဲအထင်သေးစရာ၊ ကဲ့ရဲ့စရာလည်းဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ သို့သော် လည်းပဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ခံစားရတဲ့စရိတ်နဲ့ ချီးမြှင့်ငွေများကိစ္စဟာ (၃)နှစ်တိုင် ခံစားလာရတဲ့အတွက် တကယ် ပကတိအခြေအနေနဲ့ ခံစားခဲ့ရတဲ့ ကိစ္စများအပေါ်ကို ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီကိစ္စဆွေးနွေးရန် အကြောင်းအရင်း ပေါ်လာရတာကလည်း လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်က တိုင်ပင်ပြီးတော့ ဖြစ်ပေါ်လာတဲ့ကိစ္စ မဟုတ်ဘဲ ပြည်ထောင်စုအစိုးရကနေ စတင်ပြီးတော့ အခွန် ဥပဒေပြင်ဆင်ချက် ထွက်ပေါ်လာတဲ့ ကိစ္စကနေ စတင်ဆွေးနွေးရခြင်း ဖြစ်ခြင်းကိုလည်း ဒါ လွှတ်တော်ကိုယ်စားလှယ်များ ဒါ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးအသိပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီအနိမ့်ဆုံးလစာရရှိတဲ့ အခြေခံ လူတန်းစား များရဲ့ အနိမ့်ဆုံးလစာဟာ ယခု လက်ရှိအခြေအနေမှာဆိုရင် (၃)သိန်းနဲ့ (၅)သိန်းကြားမှာ ရှိပါတယ်။ အလတ်တန်းစားများ၊ လူလတ်တန်းစားများရဲ့ လစဉ်အသုံးစရိတ်၊ အိမ်ထောင်စု အသုံးစရိတ်

ဟာ (၁၀)သိန်းပတ်ဝန်းကျင်မှာ ရှိပါတယ်။ ကျွန်တော်တို့ အထက်တန်းစားများရဲ့ အသုံးစရိတ်ကတော့ လက်လှမ်းမမီလို့ ကျွန်တော် မဆွေးနွေးနိုင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီလွှတ်တော်တွင်းကိစ္စများကို ဆွေးနွေးရတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဝင်ငွေပေါ်မှာ ကျွန်တော်တို့သုံးစွဲတဲ့ အပေါ်မှာ အခြေခံပြီး ပထမဦးဆုံးဆွေးနွေးပါမယ်။ ကျွန်တော်တို့ ဒီမှာရရှိတဲ့၊ ချီးမြှင့်တဲ့ လစာ(၃)သိန်းဟာ ကျွန်တော်တို့ ဒီကိုလာရင် အိမ်မှာထားခဲ့ရပါတယ်။ ဒီမှာ လွှတ်တော်မှာ ချီးမြှင့်ငွေနဲ့ ကျွန်တော်တို့ နေရပါတယ်။ အဆင်ပြေသလို။ ဒီချီးမြှင့်ငွေနဲ့အပေါ်မှာလည်းပဲ ကျွန်တော်တို့ အဆောင်ခအတွက် တစ်လကို (၆)သောင်း၊ ဒီမော်တော်ယာဥ်၊ သတင်းစာနဲ့ (၁)သောင်းထားပါတော့ (၇)သောင်း၊နောက် သက်ဆိုင်ရာ ကော်မတီအသီးသီးအနေမှာ ဒါကတော့ လွှတ်တော်ရဲ့ အစီအစဥ် မဟုတ်ပါဘူး။ မိမိ ကော်မတီ အသီးသီးရဲ့ အစီအစဥ်နဲ့ ကော်မတီတစ်ခုကို (၁)သောင်းစီဖြင့်၊ သဒ္ဓါဖြင့် (၁) သောင်းထက် များလည်း လှူနိုင်တာလည်း ရှိပါတယ်။ အဲဒါတွေထည့်တွက်လို့ရှိရင် (၈)သောင်း၊ (၉)သောင်းဟာ ကျွန်တော်တို့ အလိုလိုကုန်ကျပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့က လွှတ်တော်၊ နိုင်ငံတော်အတွက် အကျိုးဆောင်ရွက်ဖို့ဆိုတာဟာ ကျွန်တော်တို့ဝင်ငွေနဲ့ မတွက်ဘဲနဲ့ တတ်နိုင်သလောက် ခြစ်ကုတ်ပြီးတော့ ကျွန်တော်တို့ အဆောင်မှာပဲ၊ စည်ပင်ရိပ်သာ(၂) အဆောင်မှာပဲ နေရပါတယ်။ အဲဒီ စည်ပင်ရိပ်သာရဲ့ အဆောင်မှာဆိုတာကလည်း အားလုံးသိတဲ့အတိုင်းပဲ ခရီးသွားဧည့်သည်တွေ ခဏနားတဲ့အဆောင်ပဲ။ လွှတ်တော် ကိုယ်စားလှယ်တွေလည်း ခဏနားတဲ့အဆောင်၊ ဧည့်သည်တွေလိုပဲ ကျွန်တော်တို့ နေရပါတယ်။ ပန်ကာနဲ့ အိပ်ရာလိပ် စာအုပ်နဲ့ ရောထွေးပြီးတော့၊ ဖိနပ်နဲ့ ရောထွေးပြီးတော့ ဖြစ်သလိုပဲ ကျွန်တော်တို့ အဆင်ပြေအောင် နေရပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ နိုင်ငံရေးလုပ်ရတဲ့အတွက် ဒီဟာတွေက ထောက်မပြပါဘူး။ ကျွန်တော်တို့ ရွေးကောက်ပွဲ စတင်လုပ်တဲ့အခါကျတော့လည်းပဲ ကျွန်တော်တို့က မိမိစရိတ်နဲ့ ရွေးကောက်ပွဲဝင်တယ်။ အထိုက်အလျောက် ရွေးကောက်ပွဲစရိတ်အတွက်လည်း တော်တော်ကုန်ကျပါတယ် အချို့ဟာ၊ ဒီရွေးကောက်ပွဲစရိတ်ကလည်း ယနေ့တိုင် ပြန်လည်ရရှိခြင်း ဥပဒေအရ မရှိတဲ့အတွက် ကျွန်တော်တို့ ဒါဟာ အကြွေးနဲ့ပဲ ယနေ့အထိ ရှိတဲ့လူလည်း ရှိပါတယ်။ သို့သော်လည်းပဲ၊ ဒါဟာလည်းပဲ လိုအပ်တဲ့အချိန်မှာ လိုအပ်တယ်ဆိုလို့ ကျွန်တော်တို့က တိုင်းပြည်၏အကျိုးကို တစ်ဖက်တစ်လမ်းကနေ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ရွေးကောက်ခြင်း မရှိဘူးဆိုရင် ဒီရွေးကောက်ပွဲ မအောင်မြင်လို့၊ အစိုးရ၏ရည်ရွယ်ချက် မအောင်မြင်မှာစိုးလို့ လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်ဦးရွက်ပြုပြီးတော့ ကျွန်တော်တို့ ပါတီထူထောင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ခြင်းများကို လုပ်ရတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အသီးသီးဖြစ်ပေါ်လာတဲ့အတွက် နိုင်ငံတော်အစိုးရလည်း ပေါ်ပေါက်လာခြင်း ဖြစ်တယ်။

လွှတ်တော်ဟာလည်း ပေါ်ပေါက်လာခြင်း ဖြစ်တယ်ဆိုတာကို ကျွန်တော် အနည်းငယ် ဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ကဏ္ဍဟာ ခုနက လွှတ်တော်ကိုယ်စားလှယ်များ ရှေ့က ဆွေးနွေးတဲ့အတိုင်းပဲ မဏ္ဍိုင်(၃)ရပ် ညီညီညွတ်ညွတ် ဖြစ်ရမယ် ဆိုပင်ဆိုငြားသော်လည်း အခြေခံဥပဒေမှာ ကျွန်တော်တို့ လွှတ်တော်ကဏ္ဍဟာ မညီမျှတဲ့အပိုင်းလို့ ခံစားရတဲ့ကိစ္စတွေ အများကြီးရှိပါတယ်။ ဒါဟာ ရှည်ရှည်ဝေးဝေးဖြစ်သော်လည်း ကျွန်တော် အတိုချုပ်

ဆွေးနွေးပါမယ်။ ကျွန်တော်ကိုယ်တိုင်ခံစားရတာ၊ ဒေါက်တာဇဉာအောင်မိုး လည်းပြောတယ်။ ကိုယ်တို့ဒေသ သွားတဲ့အခါမှာ ဉက္ကဋ္ဌကြီး မရှိဘူး၊ နယ်သွားတုန်းက။ ဒုတိယဉက္ကဋ္ဌ သဘာပတိလုပ်လို့ ကျွန်တော် ဆွေးနွေးခဲ့ပါတယ်။ ကားပေါ်မှာ ကျွန်တော်တို့ ကားစီးတယ်။ ကျွန်တော်တို့ဘက်ကို၊ ကျွန်တော်တို့ တောင်ပေါ်မှာ၊ လူနာတစ်ယောက်က အန်လို့၊ မူးလို့ ဖယ်ပေးကြပါဆိုတဲ့အခါ နေရာဖယ် ပေးမယ့်လူ မရှိတော့ ကျွန်တော် ဖယ်ပေးပြီးတော့ ကားခေါင်မိုးပေါ်မှာ စီးရတယ်။ အဓိပ္ပာယ်ကတော့၊ ဆိုလိုတာကတော့ ကျွန်တော်ဟာ လွှတ်တော်ကိုယ်စားလှယ်ပါ ဆိုပြီးတော့ အကုန်ပြောစရာ မလိုတဲ့ အပြင် သက်ဆိုင်ရာကပဲ ခုနက လွှတ်တော်ရဲ့ Protocol စဉ် ဆိုင်ရာဌာနကို ညွှန်ကြားချက် မရှိဘူး ဆိုတဲ့ဟာမျိုး ပေါ်လွင်ထင်ရှားခဲ့တယ်။ ဒီဟာမျိုးကြုံရတာ၊ နေပြည်တော်မှာ နေတုန်းကလည်းပဲ ကျွန်တော်တို့အခု ဒီပွဲတော်တို့၊ ပြည်ထောင်စုနေ့တို့၊ ရွတ်စဉ်တို့၊ အခမ်းအနားတစ်ခုခုမှာ နေတဲ့အချိန် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရှေ့မှာ ညွှန်ကြားရေးမှူးချုပ်၊ ရုံးဝန်ထမ်းမိသားစုတွေ ရှေ့မှာထိုင်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ နောက်မှာ နေရာထိုင်တာကို လည်း ကျွန်တော်တို့ မကြာမကြာတွေ့ရမှာ ဖြစ်ပါတယ်။

ဒီလိုဆွေးနွေးရတာဟာ ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ်များ ဂုဏ်ကို လိုချင်လို့၊ ရာထူးကို လိုချင်လို့ ဆိုတာကို အဓိကဖော်ပြပြောဆိုခြင်း မဟုတ်ဘဲနဲ့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်တဲ့အတွက် ပြည်သူ့များ၏ အကျိုးကို ဆောင်ရွက်နေတဲ့ လူပုဂ္ဂိုလ်များဖြစ်တဲ့အတွက်၊ လူများဖြစ်တဲ့အတွက် အရင်တုန်းက မည်သို့သော အခြေအနေတွင် ရှိပါစေ၊ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာတဲ့အခါမှာ ပုဂ္ဂိုလ်လို့ သတ်မှတ်ရင် သင့်တော်တဲ့အကြောင်းကို အခြေခံပြီးတော့ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အခွန်အကောက်နဲ့ ပတ်သက်လာရင်လည်းပဲ လိုအပ်တဲ့အချိန်ကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဘာမှ စောဒက တတ်စရာအကြောင်း မရှိပါဘူး။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ငြင်းပယ်တာ မဟုတ်ဘဲနဲ့ ယခင် ပ.ဆ.ပ.လခေတ်၊ မ.ဆ.လ ခေတ် ကတည်းက လွှတ်တော်ကိုယ်စားလှယ်များဟာ အခွန်ကင်းလွတ်ခွင့်ရှိတယ်လို့ သိရှိရတဲ့အတွက် ကျွန်တော်တို့လည်း ဒီကိစ္စကို ဒီအတိုင်းပဲ ဆောင်ရွက်နေတယ် ဆိုတာနဲ့ပဲ ကျွန်တော်တို့ သိရှိရပါတယ်။

ဉက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ဒါ ဝန်ကြီးနဲ့ ဒုတိယဝန်ကြီးနဲ့ နှိုင်းယှဉ်ပြီးတော့ ကျွန်တော် ဖော်ပြတာမဟုတ်ပါဘူး။ သိစရာ လိုအပ်တယ်ထင်လို့ ကျွန်တော် ဖော်ပြပါမယ်။ ဒုတိယဝန်ကြီးရဲ့ အဆောင်အယောင်ဟာ ကျွန်တော်တို့လွှတ်တော်မှာ အဆောင်အယောင်မရှိဘူး။ ချီးမြှင့်ငွေနဲ့ စရိတ်ပဲ ရှိတယ်။ ဒီ ၂၀၀ ပတ်လည်ရှိတဲ့ အိမ်ဝိုင်းမှာ၊ ပတ်လည်အဝိုင်းမှာ အိမ်တစ်လုံး၊ ဂိုထောင်တစ်ခု၊ သူ့ရဲ့ P.A အတွက် အိမ်တစ်လုံး၊ အဲဒီ ကျွန်တော်တို့ အခု တည်းခိုနေတဲ့ စည်ပင်ရိပ်သာ၊ စည်ပင်ရိပ်သာမှာ တည်းနေတာ အဲဒီ ဒုတိယဝန်ကြီးရဲ့ ဂိုထောင်လောက်တောင် မရှိဘူး။ သူ့ P.A ရဲ့အခန်းဆို၊ ဒုတိယ ဝန်ကြီး သူ့ P.A ရဲ့ အဆောင်ဆိုရင် ဧည့်သည်ခန်း (၁)ခန်း၊ အိပ်ခန်း (၂)ခန်း၊ ဘုရားခန်း (၁)ခန်း၊ ရေချိုးခန်း၊ မီးဖိုခန်း ပေးထားပါတယ်။ လစာ တစ်သိန်းခွဲ ပေးတယ်။ ကားတစ်စီး ပေးတယ်။ ပြီးရင် ကားတစ်စီးပေးတယ်။ နောက် ဓာတ်ဆီဂါလန် (၂၈)ဂါလန် ပေးတယ်။ တစ်လကို ဒါ သူ့ P.A။ ဒါဟာ သူရရှိတဲ့ Facilities က ယာဉ်မောင်း(၃)ယောက်၊ ထမင်းချက် (၁)ယောက်၊ ခြံလုပ်သား (၁)ယောက်၊ နောက် P.S.O နဲ့ဆို (၅)ယောက် စသည်ဖြင့် ခံစားရပါတယ်။ ဒါဟာ နိုင်ငံတော်က အခုလို အဆင့်

မြင့်မြင့် ခံစားခွင့်ပေးတာကတော့ ကျွန်တော်တို့အနေနဲ့ မနာလိုစရာမရှိပါဘူး။ ဂုဏ်လည်းယူပါတယ်။ သို့သော် ခုနကလို ခြားနားတဲ့အကြောင်းကို၊ လွှတ်တော်ကဏ္ဍ ခြားနားတဲ့အကြောင်းကို ပြောတာပါ။ ဒါဟာ ဒီလိုဖြစ်သင့်တယ်။ ခုနက ဆွေးနွေးကြတဲ့လွှတ်တော်ကိုယ်စားလှယ်နဲ့ ဝန်ကြီးလစာ ဘယ်လို ခြားနားတယ် ဆိုတာကို၊ နိုင်ငံတကာက ဆွေးနွေးချက်လည်း ကျွန်တော့်ရှေ့က လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီဟာတွေကို ကျွန်တော် ထောက်ပြဆွေးနွေးရခြင်းဟာ မနာလိုလို့ တင်ပြရခြင်း မဟုတ်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ အမြင့်ဆုံးအဖွဲ့မှာ ပြည်ထောင်စုလွှတ်တော်ဟာ ပါတယ်လို့ အခြေခံဥပဒေမှာ ပါ ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ အခန်းကဏ္ဍဟာ ကြည့်မယ်ဆိုရင် အခြေခံလူတန်းစားရဲ့ အဆင့်ဘဝသာ ရှိပါတယ်။ အဖက်ဖက်က ကြည့်ရင် အခြေခံလူတန်းစား၊ လစာငွေ(၃)သိန်းနဲ့တွက်ရင် အဲဒါဟာ ကျွန်တော်တို့ ထင်ထင်ရှားရှား သိနေကြပါတယ်။ ကျွန်တော်တို့လည်း နယ်ဆင်းတဲ့အခါမှာ ဒီလွှတ်တော်မှာနေတဲ့ အစည်းအဝေးကတော့ ဥက္ကဋ္ဌကြီးလည်းသိပါတယ်။ ကော်မတီမှာလုပ်ရတယ်။ အစည်းအဝေးတက်ရတယ်။ ကော်မတီ အစည်းအဝေး သွားရတယ်။ အဲဒီမှာ အကူအညီမရှိဘူး။ စာရေးမရှိဘူး။ ဘာမှမရှိတော့ ပင်ပင်ပန်းပန်းနဲ့ ဖြစ်သလို နေရတယ်။ နောက် နယ်ဆင်းတဲ့အခါကျတော့လည်းပဲ ကျွန်တော်တို့ကို အထုပ်အပိုး ထမ်းပေး မယ့်သူ P.A တောင် မရှိဘူး။ ဖြစ်သလိုနဲ့ ကျွန်တော်တို့ သွားစည်းရုံးတာ ခုနက ရပ်/ရွာရောက်ရင်လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်က တစ်ခါတလေ ကျွန်တော်တို့ ဒေသမှာဆိုရင် ဆိုင်ကယ်နဲ့ မော်တော်ဆိုင်ကယ်နဲ့ သွားရတာ၊ လွှတ်တော်ကိုယ်စားလှယ်တွေ ခင်ဗျားတို့ဆိုင်ကယ်နဲ့ လာတာ၊ ဟိုဒင်းတောင်မှ လာသေးတာ၊ ဆိုတော့ ကျွန်တော်တို့တောမှာ မုဆိုးလေးတွေတောင်ယာ သွားရင် ဆိုင်ကယ်နဲ့သွားကြတာ၊ ခင်ဗျားတို့လာရင် ဘယ်သူက ခင်ဗျားတို့ ပြောပောတဲ့ စကားကို အထင်ကြီးမလဲ စသည်ဖြင့်ပေါ့လေ။ ဒါဟာ အတွေ့အကြုံအရနဲ့ ကျွန်တော် ပကတိတွေ့ရတဲ့ အတွေ့အကြုံကို ကျွန်တော် ရှင်းပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်ရှင်းပြရင် အရှည်ကြီးဖြစ်တဲ့အတွက် ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တောမှာရှိတဲ့၊ ဒေသအတွင်းမှာရှိတဲ့အခြေအနေ လွှတ်တော်တွင်းမှာလည်းပဲ ကျွန်တော်တို့လွှတ်တော်ဟာ မဏ္ဍိုင်(၃)ရပ်မှာ ဘယ်လောက်ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ သိရပါတယ်။ ပြည်ထောင်စုဝန်ကြီး မကြာခင်မှာပဲ ညွှန်ကြားရေးမှူးချုပ် ကနေ ညွှန်ကြားရေးမှူးချုပ်ဆီ စာရေးတာ၊ နာယက က ဒီဖြေကြားတဲ့ကိစ္စကို ညွှန်ကြားရေးမှူးချုပ် တစ်ယောက်ကနေ စာရေးတာ အဲဒါလည်း အားလုံးသိပါတယ်။ ပထမ လွှတ်တော်ကိုယ်စားလှယ်က ဖြေကြားသင့် ဖြေကြားအပ်သော မဟုတ်တဲ့အတွက် အဆိုအား ပြန်လည်ရုပ်သိမ်းပါရန်၊ မေးခွန်းကိုလည်း ပြန်လည် ရုပ်သိမ်းပါရန် စသည်ဖြင့် ဝန်ကြီး၊ ဒုဝန်ကြီးတွေက ဖြေကြားတဲ့ကိစ္စ၊ တချို့မှာဆိုရင်လည်း ဖြေတာက တလွဲ၊ ကျွန်တော်တို့ မေးတာက တခြား၊ ဖြေတာက တလွဲတွေ ဖြစ်ပါတယ်။ ဒါတွေဟာ တွေ့ကြုံနေရ တာဟာ အများကြီး ပြောတာ မဏ္ဍိုင်(၃)ရပ် ညီညီညွတ်ညွတ်ဖြစ်ရမယ်ဆိုတာ အခြေခံဥပဒေမှာ ရှိတဲ့အတွက် ကျွန်တော်တို့ ဒီလိုဖြစ်ခဲ့ရတဲ့ အတွေ့အကြုံဟာ နယ်တွေတင်မကဘဲနဲ့ လွှတ်တော် အတွင်းမှာလည်း တွေ့ရတဲ့ အကြောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ ကျွန်တော်တင်ပြချင်တာက ဘာပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်များဟာ အကူခေါ်ရမလား။ P.A ခေါ်ရမလား။ အကူတစ်ယောက်တော့ လိုတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အကူတစ်ယောက်တော့ လိုအပ်ကြောင်း ကျွန်တော် တင်ပြဆွေးနွေးပါတယ်။ နောက်တစ်ခု ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် စာမျက်နှာ ၅၊ စာကြောင်း (၇)မှာ တစ်ခုထည့်ချင်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်း မရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ်(၁၀၀၀၀)နှင့် အခြားအသုံးစရိတ် ကျပ်(၁၀၀၀၀)ခံစားခွင့်ရှိသည် ဆိုတဲ့နေရာမှာ တာဝန်အရ သို့မဟုတ် လွှတ်တော် အတွေ့အကြုံ ရှင်းလင်းရန် ခရီးသွားရောက်ပါက၊ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းရန် လို့ ကျွန်တော် ဖြည့်စွက်ချင်ပါတယ်။

ဘာပြုလို့လဲဆိုရင် ကျွန်တော်တို့ ဒီက သွားတယ်။ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းရန် ကျွန်တော်တို့ သွားတဲ့အခါမှာ ခရီးစရိတ်တင်တဲ့အခါမှာ မရတစ်လှည့်၊ ရတစ်လှည့် ဖြစ်သွားတယ်။ အမှန်တော့ လွှတ်တော်အတွေ့အကြုံသွားတာ ကျွန်တော်တို့ ဥပဒေတွေကလည်း တစ်နှစ်၊ တစ်ကြိမ်။ ဒါလည်း ဥပဒေမှာ ပါပြီးသား၊ ဘယ်လောက်ပဲသွားသွား၊ ဘယ်လောက်ပဲကြာကြာ (၇)ရက်ပဲ ခံစားခွင့်ရှိသည်လို့ ဥပဒေမှာ ဖော်ပြထားပြီးသား ဖြစ်တယ်။ ဒါကြောင့်မို့လို့ အဲဒါကို ဥပဒေကြမ်းကော်မတီနဲ့ ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ကျွန်တော် ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် က လေးလေးနက်နက် ထောက်ခံဆွေးနွေးပါကြောင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၁။**

**ဥက္ကဋ္ဌ။** ။ ဆိုက်ကားစီးတဲ့လူလည်း စက်ဘီး စီးရအောင်၊ ကားခေါင်မိုးပေါ်စီးတဲ့သူလည်း နောက်က တွယ်စီးရအောင် (၁၃)ရက်နေ့ကျတော့မှ ဒီဥပဒေတွေကို အတည်ပြုမယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီကတော့ ပြန်လည်ညှိနှိုင်းပါဦး။ ခုနက အကူတစ်ဦး၊ အဆောင်အယောင် အနေနဲ့ ထည့်သင့်/မထည့်သင့်ပေါ့။ အခြားလိုအပ်ချက်တွေရှိမယ်ဆိုလည်း အဆောင်အယောင် ကဏ္ဍမှာ နည်းနည်းလေး ထည့်စဉ်းစားဖို့။ ဒီနေ့ ပြီးပြတ်အောင် ဆောင်ရွက်ကြပါ။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့်(၁၇)ရက်မြောက်နေ့အစည်းအဝေးဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၄၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၃း၄၂ နာရီအချိန်တွင် ရပ်နားပါသည်။]